**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၀.၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၂။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၄ - ၂ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက် သုံးသပ်မှုအစီရင်ခံစာ မိတ်ဆက်အခမ်းအနား တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၄၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန် တစ်ခု ထူထောင်ပေးရန် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန် တစ်ခု ထူထောင်ပေးရန် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ မဲဆန္ဒရှင်ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့ မေးမြန်းသွားမှာကတော့ ကျွန်မရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ဘီးလင်းမြို့နယ်အတွင်းက ဒေသခံပြည်သူများ၊ ပြည်ပမှာ အလုပ်သွားရောက်လုပ်ကိုင်နေ ကြသော မြို့နယ်သူ၊ မြို့နယ်သားများ၊ မိမိဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး အတွက် ဘီးလင်းမြို့နယ်မှာ အသေးစား SME လုပ်ငန်းစုများ ပါဝင်တဲ့ စက်မှုဇုန်တစ်ခု ထူထောင်ပေး သွားရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဟာ မွန်ပြည်နယ် (၁၀)မြို့နယ်ထဲက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့တဲ့မြို့နယ်၊ အဖက်ဖက်မှချို့တဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း အလွန်နည်းပါးတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်မှာ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပေမယ့်လို့ မြို့နယ်သူ၊ မြို့နယ်သားတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကတော့ အင်မတန်မှ အားကောင်းတဲ့မြို့နယ်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘီးလင်းမြို့နယ်မှာရှိတဲ့ ကျေးရွာတော်တော်များများမှ အရွယ်ကောင်းလူငယ် တွေဟာ မွန်ပြည်နယ်နဲ့နီးပြီး သွားလာရလွယ်ကူတဲ့ ထိုင်းနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အများအပြား ထွက်ပြီးတော့ အလုပ်လုပ်ကိုင်နေတာကို တွေ့မြင်ကြရလို့ပဲ ဖြစ်ပါတယ်။ အချို့ကျေးရွာမှာဆိုရင် အလယ်အလတ် အသက်အရွယ်ရှိတဲ့လူတွေ မရှိဘဲနဲ့ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေသာ ကျန်ခဲ့တဲ့ကျေးရွာတွေလည်း ရှိနေကြပါတယ်။ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေက ရွာစောင့် အဖြစ်ပဲ ကျန်ခဲ့ပြီးတော့ လူကုန်နီးပါး အလုပ်လုပ်နေရတာ ဒါ ကျွန်မ မဲဆန္ဒနယ်ရဲ့ ရွာတော်တော် များများမှာ ဖြစ်နေတဲ့အနေအထားပါ။

ဒီလိုဒေသကနေ စွန့်ခွာပြီးတော့ အလုပ်သွားရောက်လုပ်ကိုင်နေကြရတာဟာ အလုပ်အကိုင်၊ အခွင့်အလမ်း နည်းပါးခြင်း၊ မိမိဒေသမှာ ဝင်ငွေနည်းပါးခြင်းတို့ရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဒီလို ရပ်ရွာရဲ့အဝေးမှာ အလုပ်လုပ်နေကြသူတွေရှိသလို၊ ကိုယ့်ရဲ့ရပ်ရွာမှာပဲ အလုပ်လုပ်ချင်ကြသူ တွေလည်း အများကြီးရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အစိုးရသစ်လက်ထက်မှာ ပြည်နယ်

အစိုးရအဖွဲ့ဝင် တိုင်းရင်းသားဝန်ကြီးတွေရဲ့ စီစဉ်ပေးမှု၊ ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုနဲ့ အသက်မွေးဝမ်းကျောင်းမှု သင်တန်းတွေကိုလည်း အကြိမ်ကြိမ်ဖွင့်လှစ်ခဲ့ပြီးတော့ သင်တန်းဆင်းလူငယ်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လို့ သူတို့ သင်ယူတတ်မြောက်ထားတဲ့ သက်မွေးမှုပညာတွေကို လက်တွေ့အသုံးချဖို့အတွက်ကကျတော့ အလုပ်အကိုင်အခွင့်အလမ်းတွေက ရှားပါးနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လူဦးရေ သိန်းနဲ့ချီပြီးတော့ နေထိုင်တဲ့ မွန်ပြည်နယ်ရဲ့ ဒုတိယအကြီးဆုံး မြို့နယ်လည်းဖြစ်တဲ့၊ ရန်ကုန်လို မြို့ကြီးနဲ့တောင်မှ မိုင်(၁၀၀)လောက်ပဲဝေးတဲ့ သထုံနဲ့ကျိုက်ထိုကြားမှာ လျစ်လျူရှုခြင်းခံခဲ့ရတဲ့ ကျွန်မရဲ့မြို့နယ် ဘီးလင်းကို စီးပွားရေးတိုးတက်လာစေဖို့နဲ့ ဒေသခံပြည်သူတွေ နောက်ပြီးတော့ အိမ်နီးချင်းမြို့နယ်က ပြည်သူတွေပါ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့အတွက် အသေးစားလုပ်ငန်းစုများပါဝင်တဲ့ SME စက်မှုဇုန်တစ်ခု ထူထောင်ပေးဖို့ လိုအပ်နေပါပြီ။ မြေနေရာလည်း ရှိပါတယ်။

ဒါကြောင့် ကျွန်မရဲ့ မဲဆန္ဒနယ်အတွက် အမှန်တကယ် လိုအပ်နေတဲ့ အသေးစားစက်မှုဇုန်တစ်ခုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအနေဖြင့် ထူထောင်ပေးရန် ပြည်သူများကိုယ်စား တောင်းဆိုမေးမြန်းရခြင်းဖြစ်ပါတယ်။ မည်သို့ စီမံဆောင်ရွက်ထားပါကြောင်းနှင့် မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျေးလက်နေ ပြည်သူလူထု ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နေသော မြန်မာနိုင်ငံတစ်ဝန်းကျေးရွာများအတွင်းရှိ စပါးခွံလောင်စာ (Gas-Fired)သုံး ဆန်စက်များအားအမြန်ဆုံး ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က ကျေးလက်နေ ပြည်သူလူထုကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက် ပျက်စီးမှုဖြစ်ပေါ်နေသော မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာများအတွင်းရှိ စပါးခွံလောင်စာ (Gas-Fired)သုံး ဆန်စက်များအား အမြန်ဆုံး ကြပ်မတ်စစ်ဆေး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်အပါအဝင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်တဲ့ နေရာဒေသအသီးသီးမှာ ဟိုးယခင်တုန်းကတော့ တစ်လုံးထိုးအင်ဂျင်ကို အသုံးပြုပြီးတော့ ဟာလာစက်ကလေးတွေ၊ (၅)ပုံလို့ခေါ်တဲ့ စပါးတင်း(၄၀၀)၊ (၅၀၀)လောက် ကြိတ်ခွဲနိုင်တဲ့ ဆန်စက်ငယ်လေးတွေကို အသုံးပြုပြီးတော့ ဆန်စပါးကြိတ်ခွဲခဲ့ကြပါတယ်။ ဒီနောက်မှာတော့ ဆန်စပါးထုတ်လုပ်မှု များပြားလာတဲ့

အညီ ဒေသလိုအပ်ချက်ကြောင့်မို့လို့ ဆန်စက်အလတ်တွေ၊ နောက်ဆုံး ဆန်စက်အကြီးတွေပါ တည်ထောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို ဆန်စက်တွေလုပ်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိတဲ့နေရာတွေ၊ လျှပ်စစ်ဓာတ်အား လုံးဝမရရှိတဲ့နေရာတွေမှာ စပါးခွံလောင်စာကို လောင်ကျွမ်းစေပြီးတော့ အဆင့်ဆင့်သောနည်းပညာများနဲ့ စစ်ထုတ်ပြီး ဓာတ်ငွေ့ကိုယူပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့လုပ်ငန်းတွေ ပေါ်ပေါက်လာပါတယ်။ ဒါကို Gasifier လို့လည်း ကျွန်တော်တို့ ခေါ်ကြပါတယ်။ အဲဒီလိုတွေလုပ်တဲ့နေရာမှာ စပါးခွံကို မီးရှို့လို့ ထွက်လာတဲ့အနံ့တွေ၊ ဒီစပါးခွံလောင်စာကနေ အဆင့်ဆင့်နည်းပညာအရ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့ဖြစ်စဉ်မှာ ထွက်လာတဲ့ Gas အရည်တွေ၊ ဆန်စက်ကို ကြိတ်ခွဲတဲ့နေရာမှာ ထွက်လာတဲ့ဖွဲမှုန့်တွေ၊ စပါးနဲ့အတူပါလာတဲ့ ဖုန်မှုန့်တွေဟာ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကို လေထုမသန့်ရှင်းမှုနဲ့အတူ များစွာထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်နေပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စက်မှုကြီးကြပ်က ဒီဆန်စက်တွေ လိုက်နာဖို့ အချက်(၁၂)ချက် ထုတ်ပြန်ထားတယ်လို့ သိရပါတယ်။ ဒါပေမယ်လို့ တော်တော်များများက လိုက်နာမှုမရှိပါဘူး။ အဲဒီလို လိုက်နာမှုမရှိတဲ့အတွက် ကျေးလက်နေ ပြည်သူလူထုရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ဟာ များစွာထိခိုက်မှု ဖြစ်ပေါ်နေပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့ ကျွန်တော်တို့ဆီကိုလည်း မဲဆန္ဒရှင်ပြည်သူတွေက လာပြီးတော့ အသိပေးကြတာ ရှိပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ကွင်းဆင်းစစ်ဆေးပြီးတော့ လေ့လာခဲ့တာတွေရှိပါတယ်။ ဒါကြောင့်မို့ ကျေးလက်နေ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆန်စက်လုပ်ငန်းရှင်တွေလည်း အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေ၊ ပြည်သူလူထုရဲ့ ကျန်းမာရေးလည်း ထိခိုက်မှုမရှိဘဲနဲ့ အစစအရာရာ အဆင်ပြေစေနိုင်ဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတို့က စနစ်တကျကြပ်မတ်ပြီးတော့ စစ်ဆေးဆောင်ရွက်စေလိုပါတယ်။ စည်းကမ်းနဲ့အညီ ဆောင်ရွက်ခြင်းမရှိတဲ့ ဆန်စက်တွေကိုလည်း တိတိပပ အရေးယူစေချင်လို့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာရဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း အသေးစား SME လုပ်ငန်းစုများ ပါဝင်သည့်

စက်မှုဇုန်တစ်ခု ထူထောင်ပေးရန် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးသွားမည်ကိုသိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စက်မှုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ အောင်မြင်မှု ရရှိစေရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး၊ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (PPP)စနစ်ကို စနစ်တကျ အကောင်အထည်ဖော်ရေးတို့အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိနေပါတယ်။ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက်လည်း စက်မှုဇုန်များ တည်ထောင်ခြင်းနှင့် ဒေသအလိုက် လိုအပ်တဲ့ စက်မှုကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် စက်မှု သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများအပြင် နိုင်ငံတော်မှာရှိတဲ့ စက်မှုလုပ်ငန်းများနဲ့ စက်မှု ဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမယ့် စက်မှုဇုန်ဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင် ရေးကိုလည်း ဆောင်ရွက်လျက်ရှိနေပါတယ်။ လက်ရှိအနေဖြင့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့ နယ်မှာဆိုရင် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားရှိတဲ့ အကြီးစားစက်မှုလုပ်ငန်း (၁၁)ခု၊ အလတ်စားစက်မှုလုပ်ငန်း(၂၃)ခုနဲ့ အငယ်စားစက်မှုလုပ်ငန်း(၁၀၇)ခု၊ စုစုပေါင်း (၁၄၁)ခုတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြပါတယ်။

ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်တဲ့ စက်မှုဇုန်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ဖို့အတွက်ဆိုရင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ရေ၊ လျှပ်စစ်၊ ကျွမ်းကျင်လုပ်သား ရရှိနိုင်မှု၊ ဈေးကွက်အခြေအနေနဲ့ ကုန်ကြမ်းရရှိနိုင်မှု စတဲ့အခြေခံလိုအပ်ချက်များနဲ့ ပြီးပြည့်စုံတဲ့နေရာကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် စက်မှုဇုန်တစ်ခု တည်ဆောက်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ ရေစီး ရေလာ ကောင်းမွန်တဲ့စနစ်၊ ရေဘေးအန္တရာယ်ကင်းဝေးမှု၊ သန့်ရှင်းရေးစနစ်၊ စွန့်ပစ်ရေသန့်စင်မှုစနစ်၊ မီးဘေးလုံခြုံရေးစနစ်နဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် လိုအပ်တဲ့စနစ်များကိုလည်း ထည့်သွင်းတည်ဆောက်ပေးသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဝန်ကြီးဌာနအနေနဲ့ မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်း ဘီးလင်းမြို့နဲ့ (၂၅)မိုင်ခန့်အကွာမှာရှိတဲ့ မြေဧရိယာ(၆၇၇.၇၇)ဧကပေါ်မှာ အဆိုပါ အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံမှုရှိနေတဲ့ စက်မှုနယ်မြေ(သထုံ) Eco - Industry Park (Thaton)ကို တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီနယ်မြေ သထုံမှာဆိုလို့ရှိရင် လျှပ်စစ်မီးရရှိရေးအတွက်လည်း 66 KV ဓာတ်အားလိုင်းမှတစ်ဆင့် 50 MVA ဓာတ်အားကို ထုတ်ယူ သုံးစွဲနိုင်ရန် အဆင်သင့် တည်ဆောက်ထားရှိပြီးဖြစ်တဲ့အတွက် ရေလိုအပ်ချက်ကိုလည်း အလားတူ ကျောက်စရစ်ချောင်းမှရေကို ပိုက်လိုင်းများဖြင့် သွယ်တန်းထားရှိပြီး ဖြစ်ပါတယ်။ ၎င်းစက်မှု နယ်မြေရဲ့ အဝင်လမ်းမကြီး တစ်လျှောက်မှာလည်း အရှည်ပေ(၆၈၄၀)ပေကို ပေ(၂၀)ကျယ်တဲ့ ကွန်ကရစ်လမ်း ခင်းထားပြီးဖြစ်သကဲ့သို့ ဝန်ထမ်းအိမ်ရာများလည်း အဆင်သင့်တည်ဆောက်ထားရှိပြီး ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ အဲဒီ စက်မှုနယ်မြေ(သထုံ)မှာ လျှပ်စစ်ဓာတ်အား ၂၈.၆ မဂ္ဂါဝပ် ထုတ်လုပ် နိုင်တဲ့ Solar Power Plant တစ်ခုကိုလည်း နော်ဝေနိုင်ငံရဲ့ နည်းပညာနဲ့ စတင်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိနေပါတယ်။ ထို့အပြင် ၎င်းနေရာအား ဒေသထွက် ရာဘာအခြေပြုစက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနဲ့ ကုန်ထုတ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများစတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ MSME လုပ်ငန်းများပါဝင်တဲ့ စက်မှုဇုန်တစ်ခု အဖြစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီး မြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အတွက် ယခုအခါမှာ ၎င်းစက်မှုဇုန်မှာ ပြည်ပ နိုင်ငံများမှကုန်များ ဝင်ရောက်လျက်ရှိပြီး စတင်ဆောင်ရွက်လျက်ရှိနေကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အဆိုပါ စက်မှုနယ်မြေမှာလိုအပ်တဲ့ စက်မှုကျွမ်းကျင်လုပ်သားများလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး အတွက် ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ ကျေးလက်ဒေသ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တာယာစက်ရုံ(သထုံ)ရှိ မြေလွတ်နေရာမှာ ရော်ဘာအခြေပြု သက်မွေး ပညာရပ်များအပါအဝင် စက်မှုဆိုင်ရာ ကျွမ်းကျင်မှုဘာသာရပ် (၆)ခုကိုလည်း သင်ကြားပို့ချနိုင်မယ့် စက်မှုသင်တန်းကျောင်း(သထုံ)ကိုလည်း အိန္ဒိယနိုင်ငံအစိုးရရဲ့ အထောက်အပံ့အဖြစ် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။

ဒါ့အပြင် စက်မှုဝန်ကြီးဌာနဟာ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီနဲ့ ပူးပေါင်းပြီးတော့ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်တဲ့ စက်မှုဇုန် ဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိပြီး အဆိုပါဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက စက်မှုဇုန်အတွင်း၌ စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်နိုင်စေရေး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံ မှုများ မြင့်မားလာစေရေးတို့ကို ပိုမိုပြင်ပြင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီလို စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်လာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပွင့်လန်းလာပြီး နိုင်ငံသားများနဲ့ လူနေမှု အဆင့်အတန်း မြင့်မားလာစေမှာဖြစ်သကဲ့သို့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များလည်း လျော့နည်းကျဉ်းမြောင်းလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာနအနေနဲ့ ယခုအခါမှာ မွန်ပြည်နယ်အတွက် လိုအပ်တဲ့ စက်မှု ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ဖို့ စက်မှုသင်တန်းကျောင်း(သထုံ)ကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေပါကြောင်းနဲ့ သထုံမြို့နယ်၊ ဘီးလင်းမြို့ဟာ (၂၅)မိုင်ခန့်အကွာမှာရှိတဲ့ ဌာနပိုင် မြေအပေါ်မှာ MSME လုပ်ငန်းများပါဝင်လျက် စက်မှုနယ်မြေ(သထုံ) Eco - Industry Park(Thaton)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဘီးလင်းမြို့နယ်အတွက်လည်း ဒေသခံ ပြည်သူများအတွက် စက်မှုဇုန်တစ်ခုကို အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန်တစ်ခု ထူထောင်ဖို့လိုအပ်လာပါက ပေါင်းစပ်ညှိနှိုင်းပေးနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက် ပျက်စီးမှုဖြစ်ပေါ်နေသော မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာများအတွင်းရှိ စပါးခွံလောင်စာ (Gasifier)သုံး ဆန်စက်များအား အမြန်ဆုံး ကြပ်မတ်စစ်ဆေး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်၍ စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power point ဖြင့် ရှင်းလင်းဖြေကြားခွင့် ပြုပါခင်ဗျား။ ကျေးလက်ဒေသများမှာရှိတဲ့ ဆန်စက်တွေမှာ စပါးခွံ(Gasifier)တွေကို အသုံးပြုနေမှုနဲ့ ပတ်သက်လို့ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး

အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စိစစ်ကြပ်မတ်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းများနှင့် လိုအပ်လာပါက စစ်ဆေးအရေးယူခြင်းများကိုပါ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ယခုအခါမှာ စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှာ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ထားတဲ့ ဆန်စက်လုပ်ငန်းပေါင်း (၁၇,၁၂၉)ခုရှိပါတယ်။ ၎င်းတို့အနက်မှ ဆန်စက်(၄၁၂)ခုဟာ Gasifier မှ Gas ကို Dual Fuel စနစ်သို့ပြောင်းလဲထားတဲ့ Diesel Engine များနဲ့ တွဲဖက်အသုံးပြုတဲ့ ဆန်စက်များဖြစ်ပြီး ကျန်တဲ့ အခြားဆန်စက်တွေကတော့ ဘွိုင်လာ၊ ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ်တွေကို အသုံးပြုလည်ပတ်လျက်ရှိနေကြပါတယ်။ Gasifier သုံး ဆန်စက်တွေကို ဆန်စပါး အများဆုံးထွက်ရှိတဲ့ ဒေသများဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာတွေ့ရှိရပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ကတော့ အများဆုံးအသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးလက်ဒေသတွေမှာ ဆန်စက်နဲ့ ကျေးရွာမီးလင်းရေးအတွက် ဒီဇယ်သုံးစွဲမှု (၇၀)ရာခိုင်နှုန်းက သက်သာတဲ့ Gasifier များကို အသုံးပြုနေကြတာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းများအရ မြန်မာနိုင်ငံရဲ့ စပါးခွံထွက်ရှိနှုန်းဟာ တစ်နှစ်လျှင် တန်ချိန် (၄.၅)သန်းရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ စွန့်ပစ်ပစ္စည်းများဖြစ်တဲ့ စပါးခွံတွေကို လောင်စာတောင့်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဘွိုင်လာများ၊ စက်မှုလုပ်ငန်းများ၊ သီးနှံအခြောက်ခံစက်များနှင့် Gasifier များမှာ ပြန်လည်အသုံးပြုလျက်ရှိခြင်းတို့ကြောင့် ထိုစွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ထိုသို့ ပြန်လည်အသုံးပြုနိုင်ခြင်းမရှိပါက လေထု၊ ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ဆက်စပ်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

Gasifier တွေဟာ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောတွေကထွက်ရှိတဲ့ Waste တွေကိုသုံးပြီးတော့ အင်ဂျင်လည်ပတ်ရန်လိုအပ်တဲ့ ဓာတ်ငွေ့ထုတ်စက်တွေပဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းကတည်းကပင် စတင်အသုံးပြုခဲ့ကြပြီးတော့ ၁၉၇၃ ခုနှစ်မှာတော့ ကမ္ဘာ့လောင်စာဆီ ရှားပါးမှုပြဿနာကြုံတွေ့ရတဲ့အခါမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အများအပြား စတင်အသုံးပြုလာခဲ့ကြရတာဖြစ်ပါတယ်။ ဒါကြောင့် Gasifier အသုံးပြုမှုတွေဟာ ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာလကြာရှည်စွာတည်ရှိခဲ့တဲ့ နည်းပညာရပ်တစ်ခုဖြစ်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ MSMEs လုပ်ငန်းတွေမှာလည်း အဓိက အထောက်အကူပြုနိုင်တာ တွေ့ရှိရပါတယ်။

Gasifier တစ်ခုမှာ Reactor ဓာတ်ပေါင်းကို Cooling System အအေးခံစနစ်နဲ့ Purification System သန့်စင်သောစနစ်များ ပါဝင်ရမှာဖြစ်ပြီး ထွက်ရှိလာတဲ့ ဓာတ်ငွေ့တွေထဲမှာ မီသိန်းဓာတ်ငွေ့ကို အင်ဂျင်လည်ပတ်ဖို့အတွက် အဓိကအသုံးပြုပါတယ်။ ထို့အပြင် ကာဗွန်မိုနောက်ဆိုဒ် (CO)နဲ့ ဟိုက်ဒရိုဂျင်ဆာလဖိုက်ဒ် ($H_2S$)ကဲ့သို့သော အနံ့ဆိုးထွက်သည့် ဓာတ်ငွေ့များလည်း အနည်းငယ်ပါရှိနိုင်ပါတယ်။ ကာဗွန်မိုနောက်ဆိုဒ် (CO)ဟာ အရောင်၊ အနံ့၊ အရသာမရှိတဲ့ ဓာတ်ငွေ့ဖြစ်ပြီး ကြာရှည်စွာရှူရှိုက်မိပါက အန္တရာယ်ရှိနိုင်သကဲ့သို့ ဟိုက်ဒရိုဂျင်ဆာလဖိုက်ဒ် ဓာတ်ငွေ့သည်လည်း အနီးပတ်ဝန်းကျင်သို့ အနံ့ဆိုးများရောက်ရှိစေမှာ ဖြစ်ပါတယ်။ Gasifier များမှာ ယခု အများဆုံးသုံး

နေတာ Wet type နှင့် Dry type Gasifier ဖြစ်ပြီးတော့ ပြည်တွင်းမှာတော့ Wet type များကိုသာ အသုံးများပြီး သန့်စင်ရေးစနစ်အတွက်တော့ ရေကို တောက်လျှောက်သုံးစွဲရတာဖြစ်တဲ့အတွက်ကြောင့် စွန့်ပစ်ရေထွက်ရှိမှု များပြားခြင်း၊ ၎င်းရေတွင် ပြာများပါရှိခြင်း၊ တာရှည်စွာ သိုလှောင်ထားရှိပါက အနံ့ဆိုးများထွက်ရှိခြင်း၊ မီသိန်းဓာတ်ငွေ့အတွင်း ကတ္တရာများရောပါလာခြင်းစတဲ့ အားနည်းချက်များကို တွေ့ရှိရပါတယ်။

Gasifier တွေကို လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးလက်ဒေသတွေမှာ အထူးအားထားပြီးတော့ အသုံးပြုနေကြပြီး လျှပ်စစ်မီးအပြည့်အဝရရှိတဲ့ ဒေသတွေမှာတော့ အသုံးပြုရန် မလိုအပ်တော့ပါ။ လက်ရှိအခြေအနေအရ ကျေးလက်နေပြည်သူများကို တိုက်ရိုက်အကျိုးပြုရန် လိုအပ်တဲ့ ဆန်စက်လုပ်ငန်းတွေနဲ့အပြင် ကျေးလက်မီးလင်းရေးလုပ်ငန်းတွေမှာလည်း တွဲဖက်အသုံးပြုလျက်ရှိနေတာကြောင့် လျှပ်စစ်မီးအပြည့်အဝ မရရှိသေးမီကာလအတွင်း ပြည်သူလူထုရဲ့ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းနိုင်သမျှနည်းအောင် ထိန်းချုပ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် Gasifier များကို စနစ်တကျ သုံးစွဲနိုင်ရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖွင့်လှစ်ထားရှိတဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့များအပြင် အထူးကြပ်မတ်စစ်ဆေးရေးအဖွဲ့ (Pollution Control Team)များကို ဖွဲ့စည်းထားရှိပြီး စစ်ဆေးဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ အဆိုပါအဖွဲ့တွင် ဌာနရှိ ကျွမ်းကျင်ဝန်ထမ်းများပါဝင်တဲ့ ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနဲ့ ဒေသဆိုင်ရာများ ပါဝင်ပူးပေါင်းပြီးတော့ SOP များအတိုင်း ရေးဆွဲကာ စနစ်တကျ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ကတ္တရာစေးများကို သေချာစွာ ဖမ်းယူနိုင်ဖို့အတွက် Carbon Fibre Filter နဲ့ Glass Wool filter များ တပ်ဆင်စေခြင်း စသကဲ့သို့ မီးခိုး၊ ပြာနှင့် အမှုန်အမွှားများကိုလည်း စနစ်တကျ ဖယ်ရှားနိုင်ဖို့အတွက် Dust Collector များတပ်ဆင်စေခြင်း၊ ပိုက်ဆက်များကိုလည်း စနစ်တကျ တပ်ဆင်စေခြင်း၊ ယိုဖိတ်မှုမရှိစေခြင်း၊ ထွက်ရှိလာသော ဓာတ်ငွေ့များအား Emission Guideline များနဲ့ ညီညွတ်မှု ရှိ/မရှိ Gas Detector များဖြင့် တိုင်းတာစစ်ဆေး ပြုပြင်ခြင်းများနဲ့ ရေဆိုးသန့်စင်စေတဲ့ Waste Water Treatment System များကိုလည်း ထည့်သွင်းတည်ဆောက်စေရေးတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ Treated water တွေက ဗေဒါပင်များ စိုက်ပျိုးထားတဲ့ ကန်များအတွင်း ဖြတ်သန်းစီးဆင်းစေပြီးမှ စနစ်တကျစွန့်ပစ်စေခြင်း၊ ၎င်း Waste Water နမူနာများကိုလည်း ဓာတ်ခွဲခန်းများသို့ ပို့ဆောင်၍ ထိန်းချုပ်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ စွန့်ပစ်အမှုန်အမွှားနှင့်ပြာတွေကို စိုက်ပျိုးရေးလုပ်ငန်းတွေမှာလည်း ပြန်လည်အသုံးပြုခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

စစ်ဆေးအရေးယူခြင်းအနေဖြင့်တော့ ကျေးရွာအတွင်းမှာ တည်ဆောက်ထားရှိတဲ့ Gasifier သုံးဆန်စက်ငယ်တွေကို သင့်လျော်ရာနေရာများသို့ ပြောင်းရွှေ့စေခြင်းနဲ့ သန့်စင်မှုစနစ်ကို ပြုပြင်ပြောင်းလဲစေခြင်းများ ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ သာဓကအားဖြင့် ၂၁ - ၂ - ၂၀၁၆ ရက်နေ့မှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ နှမ်းခါးကျေးရွာမှာရှိတဲ့ ဦးထွန်းဝင်း ရဲ့ ဆန်စက်ကို ရပ်ကွက်အတွင်းမှ ရပ်ကွက်ပြင်ပသို့ နေရာပြောင်းရွှေ့စေခဲ့ပြီး ၉ - ၂ - ၂၀၁၇ ရက်နေ့မှာတော့ မော်လမြိုင်ကျွန်းမြို့နယ်မှာရှိတဲ့ ချမ်းမြေ့ဝင်းဆန်စက်ရဲ့ ဓာတ်ငွေ့ပိုက်လိုင်းများမှာ Filter များကို စနစ်တကျတပ်ဆင်စေ

ခဲ့ပါတယ်။ အလားတူ အခြား Gasifier သုံး ဆန်စက်ငယ်တွေကိုလည်း လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဖို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီးတော့ နေရာပြောင်းရွှေ့ဖို့ လိုအပ်လာပါကလည်း သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ပြီး ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ ယခုအခါ စပါးခွံများကို အကျိုးရှိစွာ အသုံးချနိုင်တဲ့ လက်ရှိသုံးနေသော Gasifier တွေရဲ့ အားနည်းချက်တွေကို သုံးသပ်ပြီးတော့ နည်းပညာနှင့် Higher Quality Gasifier များနဲ့ စပါးခွံတောင့်ထုတ်စက် (Briquetting m/c) PPP စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီးတော့ ထုတ်လုပ်သွားနိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများရဲ့ကျန်းမာရေး မထိခိုက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် စက်မှုဝန်ကြီးဌာနအနေဖြင့် Gasifier သုံး ဆန်စက်များအား စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီးတော့ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း လိုအပ်လာပါကလည်း သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့စေခြင်းများအား ဆောင်ရွက်လျက်ရှိခြင်း၊ ထို့အပြင် မွမ်းမံပြင်ဆင်ရန် လိုအပ်ပါကလည်း စနစ်တကျစစ်ဆေး၍ မှတ်ချက်များပြုပြီး မှတ်တမ်းတင် ပြုပြင်ပေးစေလျက်ရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် အကျဉ်းသားများ ထူထပ်ကျပ်တည်းနေသဖြင့် အကျဉ်းသားအခွင့်အရေးများ ဆုံးရှုံးနစ်နာနေခြင်း၊ ထောင်ဝန်ထမ်းဦးရေသည်လည်း ဖွဲ့စည်းပုံအင်အားပြည့်မီခြင်း မရှိသဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းအုပ်ချုပ်ရန် အခက်အခဲဖြစ်နေသည့် လက်ရှိအခြေအနေများအား ဖြေရှင်းရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် အကျဉ်းသားများ ထူထပ်ကျပ်တည်းနေသဖြင့် အကျဉ်းသားအခွင့်အရေးများ ဆုံးရှုံးနစ်နာနေခြင်း၊ ထောင်ဝန်ထမ်းဦးရေသည်လည်း ဖွဲ့စည်းပုံအင်အားပြည့်မီခြင်း မရှိသဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းအုပ်ချုပ်ရန် အခက်အခဲဖြစ်နေသည့် လက်ရှိအခြေအနေများအားဖြေရှင်းရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် အကျဉ်းသားများ ထူထပ်ကျပ်တည်းနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခု အခါမှာ မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်များတွင် သူ့ နဂိုဝင်ဆံ့နိုင်သည့် ပမာဏထက် များစွာကျော်လွန်၍ အကျဉ်းသားများကို လက်ခံထိန်းသိမ်းနေရကြောင်း ကြားသိနေရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် အကျဉ်းထောင် (၄၆၃)ခုရှိရာမှာ အကျဉ်းသားဦးရေ သိန်းဂဏန်းဝန်းကျင်အထိကို ရှိမယ်လို့ ခန့်မှန်းရပါတယ်။ အင်းစိန်အကျဉ်းထောင်ဆိုရင် ရှိသင့်တဲ့ပမာဏရဲ့ နှစ်ဆကျော်လောက်ကို လက်ခံ ထားရှိနေရကြောင်း ကြားသိရပါတယ်။

ဒီလိုအကျဉ်းသားတွေ များပြားနေရတဲ့ အကြောင်းအရင်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုနဲ့ တိုက်ရိုက်သက်ဆိုင်နေ ပါတယ်။ လက်ရှိအကျဉ်းသားများရဲ့ (၇၀)ရာခိုင်နှုန်းဟာ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသူများ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန် အဟုန်မြင့် ဆောင်ရွက်တဲ့နေရာမှာ ပမာဏကြီးမားစွာ ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ချိရောင်းချနေတဲ့ မူးယစ် ရာဇာကြီးတွေ၊ လက်တစ်ဆုပ်စာသာရှိတဲ့ တကယ့်ပင်ရင်း မူးယစ်ကုန်သည်ကြီးတွေကိုတော့ ဖမ်းဆီး နိုင်ခြင်းမရှိဘဲနဲ့ သာမန်သုံးစွဲသူ လူငယ်၊ လူရွယ်တွေ ကိုင်းဖျား၊ ကိုင်းနား ရောင်းဝယ်နေတဲ့သူမျိုးတွေ ကိုသာ ကြိုးစားပမ်းစားနဲ့ ဦးရေများများ ဖမ်းဆီးမိနေတာကလည်း ထောင်အကျဉ်းသား များပြားနေရတဲ့ အကြောင်းအရင်းတစ်ခု ဖြစ်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်တွေထဲမှာ အဲဒီလို ရှိသင့်သည့် ပမာဏထက် ပိုမိုလက်ခံထားရတဲ့အတွက် အကျဉ်းသားများ ထူထပ်ကျပ်တည်းပြီးတော့ အကျဉ်းသား အခွင့်အရေးများကို ဆုံးရှုံးစေသလို ကူးစက်ရောဂါကဲ့သို့ ဘေးအန္တရာယ်များကိုလည်း စိုးရိမ်ရပါတယ်။ အနေအထိုင်ကျပ်တည်း၊ အစားအသောက်ချို့တဲ့၊ သောက်ရေ၊ သုံးရေမလောက်ငပြီးတော့ ရောဂါဘယ တွေထူပြော၊ သက်သာရာသက်သာကြောင်းရဖို့ နည်းမျိုးစုံနဲ့ကြံစည်ကြတော့ လာဘ်ပေးလာဘ်ယူမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေကို ပိုမိုဖြစ်ပေါ်စေသလို အကျဉ်းထောင်တာဝန်ရှိသူတွေအနေနဲ့လည်း ကြပ်မတ် ထိန်းသိမ်းအုပ်ချုပ်ရန် အခက်အခဲများစွာ ဖြစ်ပေါ်နေကြပါတယ်။ အကျဉ်းသားဦးရေများပြီး ထောင် ဝန်ထမ်းအင်အားက မလုံလောက်တဲ့အတွက် တာဝန်ထမ်းဆောင်ရာမှာ မနိုင်နင်းတော့ဘဲနဲ့ ချို့ယွင်း လစ်ဟင်းမှုတွေ၊ လုံခြုံရေးကျိုးပေါက်မှုတွေ မကြာခဏဖြစ်ပေါ်နေပါတယ်။ မကြာသေးခင်ကပဲ ဘားအံ အကျဉ်းထောင်မှာ အစုလိုက်၊ အပြုံလိုက် ထောင်ဖောက်ပြေးမှုဖြစ်စဥ်နဲ့ အခြားအကျဉ်းထောင်များရဲ့ အကျဉ်းသားများ ထွက်ပြေးမှုသတင်းတွေကို ကြည့်ရင်သိနိုင်မှာပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအကျဉ်းထောင်တွေမှာ လူတွေစည်ကားများပြား နေခြင်းဟာ နိုင်ငံရဲ့ပုံရိပ်ကို များစွာထိခိုက်စေပါတယ်။ လူမှုရေး၊ စီးပွားရေးအခြေအနေယိုယွင်းခြင်း၊ တရားဥပဒေစိုးမိုးမှု ပျက်စီးနေတာကို မီးမောင်းထိုးပြနေသလိုဖြစ်နေပါတယ်။ ဒီကိစ္စကို ကိုင်တွယ် ဖြေရှင်းဖို့ဆိုရင် ထောင်ဝန်ထမ်းတွေကို ပိုမိုခန့်ထားတာဟာ ထောင်တွေ တိုးချဲ့တည်ဆောက်တာမျိုးတွေ

မကဘဲနဲ့ အကြောင်းအရင်းတွေကို သေချာစိစစ်လေ့လာပြီး မှုခင်းတွေလျော့ကျအောင်၊ ဥပဒေစိုးမိုးမှု အားကောင်းအောင်စတဲ့ အရင်းအမြစ်ထိ ဖြေရှင်းနိုင်အောင် အသေအချာစီမံကိန်းချ အကောင်အထည် ဖော်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ပြည်သူများ သိရှိနားလည်အောင် နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်သင့်သလို အချို့ပြဿနာငယ်များကို လူမှုရေးနည်းနာများနဲ့ အရင်ညှိနှိုင်းဖျန်ဖြေ ကျေအေးခြင်းဓလေ့တွေ ထွန်းကားကျယ်ပြန့်အောင်လည်း ဆောင်ရွက်သင့်ပါတယ်။ တရားရုံးများကလည်း အမှုတွေကိုမကြန့်ကြာဘဲနဲ့ မှန်မှန်နဲ့မြန်မြန်နိုင်နင်းအောင် တရားစီရင်ခြင်းလုပ်ငန်းတွေကိုလည်း ပြုနိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒီလို များပြားလှတဲ့ အကျဉ်းသားတွေ - - - - - - - - - -

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီးခင်ဗျား။ အခုဟာ အဓိက က အကျဉ်းထောင်မှာ အကျဉ်းသား ကျပ်တည်းတာ ဒါကို ဘယ်လိုဖြေရှင်းမလဲ။ ခင်ဗျား။ တရားစီရင်ရေး မေးခွန်းနဲ့ မဆိုင်ဘူး ဖြစ်နေတယ်။ ဆိုင်တာလေးတွေ အဓိကထားမေး။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီး။ တရားစီရင်ရေးမှာလည်း။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျား အဓိက မေးတာက ထောင်ကျပ်နေတာ ဘယ်လိုဖြေရှင်းမလဲ။ ခုန ထောင်ဝန်ထမ်းတွေနည်းတာ ဘယ်လိုဖြေရှင်းမလဲ။ ဒါကို အဓိကထား မေးတာ ဟိုက တရားစီရင်ရေးက တရားစီရင်ရေးပိုင်း။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ တရားစီရင်ရေးမှာလည်း အမှုကြန့်ကြာတဲ့အတွက် ထောင်အကျဉ်းသားများတာပါ။

**ဥက္ကဋ္ဌ**။ ။ အဲဒါ ဟုတ်ပြီ။ ဖြေရမယ့် လူရဲ့ အနေအထားကြည့်လေ တရားစီရင်ရေး ကျတော့ ဖြေရမှာက ပြည်ထဲရေးက လာဖြေတာလေ။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အဲဒီလို များပြားတဲ့ အကျဉ်းသားတွေအတွက် ကျွေးမွေးထိန်းသိမ်းစရိတ် ကုန်ကျစရိတ်အဝဝကို နိုင်ငံတော်ကပဲ တာဝန်ယူ နေရတော့ ဝန်ထမ်းပြည်သူတွေ ဝန်ပိုပိနေသလို အဖိုးတန်လုပ်အား အများအပြားကလည်း အကျဉ်းထောင်တွေမှာ အလဟဿဆုံးရှုံးပြီး နိုင်ငံတော်အတွက် အလွန်နစ်နာစေပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် အကျဉ်းသားများအား ဆံ့ဝင်သည့် ပမာဏထက် များစွာကျော်လွန်၍ လက်ခံနေရပြီး အကျဉ်းသားများ ထူထပ်ကျပ်တည်းနေသဖြင့် အကျဉ်းသားအခွင့်အရေးများ ဆုံးရှုံးနစ်နာနေခြင်း၊ ထောင်ဝန်ထမ်းဦးရေသည် ဖွဲ့စည်းပုံအင်အား ပြည့်မီခြင်းမရှိသဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် မနိုင်မနင်းဖြစ်နေပြီး ထောင်တာဝန်ရှိသူ များအနေဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းအုပ်ချုပ်ရန် အခက်အခဲဖြစ်နေသည့်အတွက် လက်ရှိ အခြေအနေများအား ဖြေရှင်းရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ အင်အားပြည့်စုံရန်နှင့် ခေတ်မီအထောက်အကူပြုပစ္စည်းပစ္စယများ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ အင်အားပြည့်စုံရန်နှင့် ခေတ်မီအထောက်အကူပြုပစ္စည်းပစ္စယများ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဘာသာအသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အများသိရှိပြီးဖြစ်တဲ့အတိုင်း မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများဟာ ယနေ့ ကမ္ဘာ့လူသားများအားလုံးကို ခြိမ်းခြောက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အထူး ခြိမ်းခြောက်ခြင်း ခံနေရပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နေချိန်မှာ ဒီမူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးမှု ပြဿနာကြီးဟာ နိုင်ငံသားအများစုအတွက် ရေတိုရော၊ ရေရှည်ပါ တကယ့် အန္တရာယ်တစ်ခု ဖြစ်ပါတယ်။ ထို့အတူ Rule of Law , Social Security များဖြစ်တဲ့ Community Security , Human Security , Personal Security , Health Security တွေရဲ့ Root Cause ဖြစ်နေပါတယ်။ ဒီကနေ့ နိုင်ငံတော်အစိုးရပိုင်းမှ အင်တိုက်အားတိုက် အလေးအနက်ထား ကာကွယ် တားဆီးနေတာကိုလည်း နေ့စဉ်နဲ့အမျှ သတင်းစာ၊ ဂျာနယ်တွေမှာ ဖတ်ရှုနေရပါတယ်။ သက်ဆိုင်ရာ ဌာနတွေရဲ့ ဆောင်ရွက်ကြိုးပမ်းမှုကိုလည်း ပြည်သူများ ဝမ်းမြောက်ကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအန္တရာယ်ကြီးကို ပိုမိုထိရောက်စွာ ကာကွယ် တားဆီးနိုင်ဖို့ လက်ရှိစုဖွဲ့မှုဟာ လုံလောက်မှု ရှိ/မရှိ။ မရှိပါက တိုးချဲ့ရန် အစီအစဉ် ရှိ/မရှိ။ အထောက်အကူပစ္စည်းများဖြစ်တဲ့ ခေတ်မီစနစ်များ ဥပမာ - အနံ့ခံခွေးများ လုံလောက်အောင် ဖြည့်ဆည်းရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၆။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

အကျဉ်းဦးစီးဌာနမှာ အကျဉ်းသား၊ အကျဉ်းသူ (၅၀၀၀)ဦးဆံ့ ဗဟိုအကျဉ်းထောင် (၁)ခု၊ အကျဉ်းသား၊ အကျဉ်းသူ(၃၀၀၀)ဦးဆံ့ ဗဟိုအကျဉ်းထောင်(၂)ခု၊ အကျဉ်းသား၊ အကျဉ်းသူ(၁၀၀၀)ဦးဆံ့ (က)အဆင့် အကျဉ်းထောင် (၂၉)ခု၊ အကျဉ်းသား၊ အကျဉ်းသူ (၅၀၀)ဦးဆံ့ (ခ)အဆင့် အကျဉ်းထောင် (၁၀)ခု၊ အကျဉ်းသား၊ အကျဉ်းသူ (၅၀၀)ဦးဆံ့ အချုပ်ထောင် (၅)ခု၊ အကျဉ်းသား၊ အကျဉ်းသူ (၆၀၀)ဦးဆံ့ (က)အဆင့် ကုန်ထုတ်စခန်း (၁၁)ခု၊ အကျဉ်းသား (၆၀၀)ဦးဆံ့ (က)အဆင့် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးအတတ်သင်စခန်း (၆)ခု၊ အကျဉ်းသား၊ အကျဉ်းသူ (၃၀၀)ဦးဆံ့ (ခ)အဆင့် ကုန်ထုတ်စခန်း (၇)ခု၊ အကျဉ်းသား၊ အကျဉ်းသူ (၃၀၀)ဦးဆံ့ (ခ)အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း (၂၄)ခုဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့ အကျဉ်းထောင်၊ အချုပ်ထောင်၊ အလုပ်စခန်း (၉၅)ခုရဲ့ သတ်မှတ်ဝင်ဆံ့တဲ့ အကျဉ်းသား၊ အကျဉ်းသူဦးရေမှာ (၇၁၀၀၀)ဦး ဖြစ်ပေမယ့် အိပ်ဆောင်အနေအထားအရ အကျဉ်းသားတစ်ဦးလျှင် (၁၈)စတုရန်းပေဖြင့် တွက်ချက်ထားရှိမည်ဆိုပါက (၇၄၁၅၃)ဦး ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်။

၃၁-၁-၂၀၁၉ ရက်နေ့ ထောင်ပိတ်အင်အားစာရင်းအရ အကျဉ်းသား (၇၆၂၇၅)ဦး၊ အချုပ်သား (၁၆၈၆၂)ဦး၊ ပေါင်း(၉၃၁၃၇)ဦး၊ အကျဉ်းသူ (၉၁၇၇)ဦး၊ အချုပ်သူ (၂၁၆၇)ဦး၊ ပေါင်း (၁၁၃၄၄)ဦး၊ စုစုပေါင်းအကျဉ်းသား၊ အကျဉ်းသူ (၁၀၄၄၈၁)ဦးကို ထိန်းသိမ်းထားရှိလျက် လူဦးရေ (၃၀၃၂၈)ဦး ပိုမိုလက်ခံထိန်းသိမ်းထားရှိနေရတဲ့အတွက် အကျဉ်းသားဝင်ဆံ့ဦးရေထက် (၁၄၀.၈၉) ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိနေပါတယ်။ လက်ရှိမှာ လူဦးရေ အလွန်ကျပ်တည်းနေတဲ့ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူများကို သင့်လျော်တဲ့အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီတဲ့ အကျဉ်းသားများကို အလုပ်စခန်းများသို့ ထုတ်နုတ်ပေးခြင်း၊ မြေကွက်လပ်ရှိတဲ့ အကျဉ်းထောင်များမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယနေ့အချိန်အထိ နှစ်ထပ်အိပ်ဆောင်(၁၃)လုံး၊ အလုပ်စခန်းများမှာ တစ်ထပ်အိပ်ဆောင်(၃)လုံး တည်ဆောက်ပေးခြင်း၊ ရှိပြီးသားအိပ်ဆောင်များမှာ ထပ်ခိုးပြုလုပ်ပေးခြင်း၊ ထောင်တွင်းဓမ္မာရုံများမှာ အကျဉ်းသားများကို ညအိပ်ထားရှိခြင်းတို့ဖြင့် သတ်မှတ်အင်အားထက် ကျော်လွန်နေသည့် အကျဉ်းသားအင်အားကို စီမံထားရှိတဲ့အပြင် ကျိုက်မရောအကျဉ်းထောင်ကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ဖားကန့် အချုပ်ထောင်ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မကွေးအကျဉ်းထောင်ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ဆောက်လုပ်လျက်ရှိပြီး သထုံအကျဉ်းထောင်သစ် တည်ဆောက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ မြေရှင်းလင်းရေး

လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိနေပါတယ်။ အကျဉ်းသားဦးရေ များပြားပေမယ့် အကျဉ်းသား အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ထား ရှိပါတယ်။

စားသောက်ရေးနှင့် ပတ်သက်၍ အကျဉ်းသားတစ်ဦးကို တစ်ရက်လျှင် အကျဉ်းထောင်များမှာ (၉၇၅)ကျပ်နှုန်း၊ စခန်းများမှာ(၁၀၀၀)ကျပ်နှုန်းတို့ဖြင့် ကျွေးမွေးလျက်ရှိပါတယ်။ ရက်သတ္တတစ်ပတ်လျှင် ပဲ(၇)ကြိမ်၊ တစ်ကြိမ်လျှင် (၅)ကျပ်သားနှုန်း၊ အသား(၄)ကြိမ် တစ်ကြိမ်လျှင်(၇)ကျပ်သားနှုန်း ကျွေးမွေး လျက်ရှိပါတယ်။ ကျန်းမာရေးမကောင်းတဲ့ အကျဉ်းသားများအား ဖြည့်စွက်အစားအစာပါ (၁၀၁၅.၆၂) ကျပ်နှုန်း ကျွေးမွေးလျက်ရှိပါတယ်။ ရာသီအလိုက်ဖြစ်ပေါ်တတ်တဲ့ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး အတွက် အစားအသောက်များအား စိစစ်ပြီးမှ အကျဉ်းထောင်အတွင်းသို့ ပေးသွင်းနိုင်ရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ လူတစ်ဦးရဲ့ နေ့စဉ်ကယ်လိုရီလိုအပ်ချက်မှာ ပျမ်းမျှ (၂၅၀၀)မှ (၃၀၀၀) ကယ်လိုရီကြားဖြစ်ပြီး အကျဉ်းသား၊ အကျဉ်းသူများ နေ့စဉ်စားသုံးနေရတဲ့ ပျမ်းမျှကယ်လိုရီရရှိမှုမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အာဟာရဌာနခွဲရဲ့ တွက်ချက်မှုအရ (၃၀၁၉.၈) ကယ်လိုရီ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် လက်ရှိကျွေးမွေးမှုအရ အာဟာရပြည့်ဝမှုရှိကြောင်း စိစစ်သိရှိ ရပါတယ်။

သောက်သုံးရေနဲ့ ပတ်သက်၍ အကျဉ်းထောင်တိုင်းမှာ ရေသန့်စနစ်ဖြင့် သောက်သုံးရေ စီစဉ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် တစ်နေ့လျှင် ရေနှစ်ကြိမ် အဝချိုးစနစ် စီစဉ်ပေးခြင်း၊ ရေလောင်းမိလ္လာစနစ်သို့ ပြောင်းလဲပေးခြင်း၊ ထောင်ဝင်စာတွေ့ဆုံမှုကို တနင်္ဂနွေနေ့နဲ့ အစိုးရရုံးပိတ် ရက်တို့မှအပ နေ့စဉ် အကျဉ်းသား၊ အကျဉ်းသူတစ်ဦးလျှင် (၂၅)မိနစ်အထိ တိုးမြှင့် ဧည့်တွေ့ဆုံခွင့် ပြုခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိပါတယ်။ မိသားစုများနှင့် အဆက်အသွယ်မပြတ်စေရေး စာရေးသား ဆက်သွယ်မှုကိုလည်း စိစစ်ခွင့်ပြုပေးခြင်း၊ စာကြည့်တိုက်များ ထားရှိပေးခြင်း၊ ရုပ်မြင်သံကြား၊ ဗီဒီယို တို့ကို အချိန်သတ်မှတ်၍ ကြည့်ရှုခွင့်ပေးခြင်း၊ အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း စသည် တို့ကို စီစဉ်ထားရှိပေးတဲ့အပြင် ထောင်ဝင်စာမလာနိုင်တဲ့ အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်း ထောင်အစီအစဉ်ဖြင့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်၍ အကျဉ်းထောင်ရှိ ကျန်းမာရေးဝန်ထမ်းများဖြင့် ဆေးကုသပေးသည် သာမက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီးများသို့ တင်ပို့ကုသ ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းပြည်ပ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ TB၊ HIV၊ AIDS ကဲ့သို့သော ကူးစက်ရောဂါများကို ကျန်းမာရေး စောင့်ရှောက်ပေးလျက် ရှိပါတယ်။ ၎င်းအပြင် ပြင်ပမှ အထူးကုသမားတော်ကြီးများမှလည်း အခါအားလျော်စွာ ထောင်အတွင်းသို့ လာရောက်ကုသပေးလျက်ရှိပါတယ်။

ပညာရေးနှင့်ပတ်သက်၍ ဗဟိုအကျဉ်းထောင်(၃)ခုမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဝင်တန်းနှင့် အဝေးသင်တက္ကသိုလ် ပညာရေးများ လေ့လာသင်ကြားနိုင်ရေး ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းဖြေဆိုတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ ဂုဏ်ထူး(၃)ဘာသာအထိ အောင်မြင်တဲ့သူများ ပေါ်ထွက်လာပြီဖြစ်ပါတယ်။ အတန်း ပညာအပြင် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိပါတယ်။ ဘာသာရေးနှင့်

ပတ်သက်၍လည်း မိမိတို့ကိုးကွယ်တဲ့ ဘာသာရပ်အလိုက် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်နိုင်ရေး စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ ဗုဒ္ဓဘာသာဝင် အကျဉ်းသား၊ အကျဉ်းသူများအတွက် ဘုရားကျောင်း၊ စေတီနှင့် တရားစခန်းများ၊ ခရစ်ယာန်ဘာသာဝင်များအတွက် ဘုရားရှိခိုးကျောင်း၊ အစ္စလာမ်ဘာသာဝင်များအတွက် ဗလီဆောင်တို့ကို သတ်မှတ်ထားရှိပေးထားပါတယ်။

အကျဉ်းဦးစီးဌာနဖွဲ့စည်းပုံရဲ့ ဝန်ထမ်းအင်အားမှာ (၁၀၅၃၉)ဦးဖြစ်ပြီး လက်ရှိမှာ (၇၇၄၄)ဦး ရှိသဖြင့် (၇၃.၄၈)ရာခိုင်နှုန်း ခန့်ထားနိုင်ခဲ့ပါတယ်။ စီမံခန့်ခွဲရေးအရာထမ်း၊ အမှုထမ်း၊ ကျန်းမာရေးဝန်ထမ်းများ၊ စာရေးဝန်ထမ်းများနှင့် နည်းပြဝန်ထမ်းများမပါ လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေတဲ့ ဝန်ထမ်းအင်အားမှာ (၆၁၃၄)ဦးရှိသဖြင့် ဝန်ထမ်းနှင့် အကျဉ်းသားအင်အား အချိုးချမည်ဆိုပါက (၁း၁၇)၊ လုံခြုံရေးဝန်ထမ်းတစ်ဦးလျှင် အကျဉ်းသား၊ အချုပ်သား(၁၇)ဦးဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းထောင်တစ်ခု လုံခြုံစွာထိန်းသိမ်းနိုင်ရေးအတွက် အကျဉ်းထောင်အတွင်း လုံခြုံရေးဝန်ထမ်းရှိရမည့် ဝန်ထမ်းအင်အားရဲ့ အကျဉ်းသားအချိုးမှာ(၁း၁၀)ရှိရန် လိုအပ်ပါတယ်။ အကျဉ်းထောင်ဝန်ထမ်း အင်အားပြည့်မီရေးအတွက် အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ လစဉ် အကျဉ်းထောင်တပ်သား(၁၅၀)ဦးနှုန်းနှင့် နှစ်စဉ်(၁၈၀၀)ဦးစုဆောင်းရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းအင်အားနှင့် အကျဉ်းသားအင်အား မမျှတခြင်းကြောင့် လုံခြုံရေးကို အထောက်အကူပြုစေရန် CCTV ကင်မရာ မြင်ကွင်းရှင်(၃)လုံး၊ CCTV ကင်မရာ မြင်ကွင်းသေ (၇၇၇)လုံး၊ Speed Drone ကင်မရာ (၁၇)လုံး တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ထပ်မံလိုအပ်ချက်များအရ CCTV ကင်မရာ မြင်ကွင်းသေ၊ မြင်ကွင်းရှင် (၅၃)လုံး၊ Speed Drone ကင်မရာ (၅)လုံး၊ ၃၆၀ ဒီဂရီကင်မရာ (၅)လုံးနှင့် အကျဉ်းသားများရဲ့ ခန္ဓာကိုယ်အနှံ့ ရှာဖွေနိုင်ရန်အတွက် Body Search Scanner စက် (၃)လုံး၊ ထောင်ဝင်စာများ၊ ပစ္စည်းများနှင့် အကျဉ်းသားများ ယူဆောင်လာသော ကိုယ်ပိုင်ပစ္စည်းများရှာဖွေရန်အတွက် X - Ray Baggage Inspection Machine စက်(၃)လုံးတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေ ဖြည့်စွက်၍လည်းကောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတွင်လည်းကောင်း ဝယ်ယူခွင့်ရရှိရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ အကျဉ်းထောင်များမှာ အကျဉ်းသားများ ဝင်ဆံ့မှု ပမာဏထက်ကျော်လွန်နေသဖြင့် အကျဉ်းသားများ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရန် အိပ်ဆောင်အသစ်များ၊ နှစ်ထပ်အိပ်ဆောင်များနှင့် အကျဉ်းထောင်၊ အချုပ်ထောင် အသစ်များ ထပ်မံဆောက်လုပ်လျက်ရှိပါကြောင်း ဝန်ထမ်းအင်အားပြည့်မီစေရေးအတွက် တစ်နှစ်လျှင် အကျဉ်းထောင်ဝန်ထမ်း (၁၈၀၀)ဦးနှုန်း ခန့်ထားနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ရှိသူများမှ အကျဉ်းသားများကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် နည်းပညာအထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို ရည်မှန်းချက်တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားရှိပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ မူးယစ်ဆေးဝါးနှင့်

စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ချမှတ်ထားတဲ့မူဝါဒ လုပ်ငန်းတာဝန်များနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁ - ၄ - ၁၉၉၂ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးဌာနကြီးကွပ်ကဲမှုအောက်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဌာနကို မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာနအဖြစ်လည်းကောင်း၊ ၂၂-၁-၁၉၉၈ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနအဖြစ်လည်းကောင်း ပြင်ဆင်ခဲ့ပြီး မူးယစ်(အထူး)တပ်ဖွဲ့ (၂၆)ဖွဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၈ -၈-၂၀၁၃ ရက်နေ့မှာ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် တပ်ဖွဲ့ခွဲ(၃)ခွဲ၊ တပ်ဖွဲ့စု(၅၀)စု၊ အရာရှိ(၁၀၄၀)ဦး၊ အခြားအဆင့်(၂၉၅၄)ဦး၊ စုစုပေါင်း (၃၉၉၄)ဦးဖြင့် ထပ်မံဖွဲ့စည်းခဲ့ရာ လက်ရှိမှာ အရာရှိ(၄၀၁)ဦး၊ အခြားအဆင့်(၈၀၂)ဦး၊ စုစုပေါင်း (၁၂၀၃)ဦး ခန့်အပ်ထားရှိပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်နိုင်ငံလုံး ပျံ့နှံ့လျက်ရှိတဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ(၁၀)ခွဲ၊ တပ်ဖွဲ့စု(၆၅)စုအထိ ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၆ - ၂ - ၂၀၁၅ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC) နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)တို့ နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ရုံးမှာ (ONCB)က ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်များအလိုက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အသုံးပြုရန်အတွက် မြန်မာငွေကျပ် (၁၄၅၉.၁၇၃)သန်းတန်ဖိုးရှိတဲ့ မော်တော်ယာဉ်(၁၇)စီး၊ ဆိုင်ကယ်(၅၄)စီး၊ ကွန်ပျူတာ(၅၄)စုံ၊ ပရင်တာ(၃၃)လုံး၊ မိတ္တူကူးစက်(၁)လုံး၊ ပရိုဂျက်တာ(၁)လုံး၊ CCTV (၁၀)လုံး၊ ဗီဒီယိုကင်မရာ (၁၂)လုံး၊ Equipment (၅၁)ထည်၊ ကျည်ကာအင်္ကျီ (၄၀)ထည်၊ ညကြည့်မှန်ပြောင်း (၁၀)ခု စသည်တို့ကို ထောက်ပံ့ပေးခဲ့သဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စုများသို့ ခွဲဝေချထားပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများမှာ အသုံးပြုလျက်ရှိပါတယ်။ ထို့အပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း 4 WD Double Cab (၃)စီးဝယ်ယူရန် အမေရိကန်ဒေါ်လာ(၁၆၄၂၆၆) ကူညီထောက်ပံ့ပေးပြီးဖြစ်တဲ့အတွက် တင်ဒါခေါ်ပေးပြီး ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့ AFP မှလည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် မော်တော်ယာဉ်(၁)စီး၊ မော်တော်ဆိုင်ကယ်(၂၂)စီး၊ ကွန်ပျူတာ (၁၆)စုံ၊ Copier Fax (၄)လုံး၊ ဒစ်ဂျစ်တယ်ကင်မရာ(၈)လုံး၊ Generator (၄)လုံးတို့ကို ကူညီထောက်ပံ့ပေးခဲ့တဲ့အတွက် မူးယစ်တပ်ဖွဲ့စုများသို့ ခွဲဝေချထားပေးပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ NNCC မှလည်း ၂၀၁၈ ခုနှစ်တွင် မော်တော်ယာဉ်(၁၆)စီး၊ ဆိုင်ကယ်(၁၀)စီး၊ ကင်းလှည့်ရေယာဉ်(၃)စီး မူးယစ်ဆေးဝါးစမ်းသပ်ကိရိယာ(၃)ခု၊ Fax ဖုန်း(၁)လုံး၊ အချက်ပြမီးချောင်း(၃၀)၊ ရောင်ပြန်အင်္ကျီ(၃၀)ထည်၊ အနီရောင်အတားအဆီးတိုင်(၂၀)တိုင်နှင့် မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးနိုင်သည့်ကိရိယာများ ကူညီထောက်ပံ့ပေးတဲ့အတွက် မူးယစ်

တပ်ဖွဲ့စုများသို့ ခွဲဝေချထားပေးပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများမှာ အသုံးပြုလျက်ရှိပါတယ်။ တရုတ်နိုင်ငံမှ ထောက်ပံ့ပေးခဲ့တဲ့ ကင်းလှည့်ရေယာဉ် (၃)စီးကို ရွှေတြိဂံဒေသ၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ချထားပေးပြီးဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးရန်ပုံငွေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုကို ထိန်းချုပ်နိုင်ရန်အတွက် သယ်ဆောင်ရာလမ်းကြောင်းများကို ပိတ်ဆို့ရာမှာ အထောက်အကူပြုစေရန် ခေတ်မီ Mini X - Ray Scanner ရှာဖွေရေးစက်(၇)လုံးကို ဝယ်ယူခဲ့ပြီး အဆိုပါ X - Ray Scanner စက်များကို မူဆယ်၊ သိန္နီ၊ နောင်ချို၊ ကျိုင်းတုံ၊ ကွန်ဟိန်း၊ ပြင်ဦးလွင်မြို့များ စစ်ဆေးရေးဂိတ်များမှာ အသုံးပြုရန်အတွက် သက်ဆိုင်ရာမူးယစ်တပ်ဖွဲ့စုများသို့ ဖြန့်ခွဲချထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာ အနှောင့်အယှက်မရှိဘဲ မော်တော်ယာဉ်များကို စစ်ဆေးနိုင်ရန်အတွက် အမေရိကန်နိုင်ငံမှထုတ်လုပ်တဲ့ ခေတ်မီ Mobile X - Ray ယာဉ်(၁)စီး၊ ရုရှားနိုင်ငံမှထုတ်လုပ်တဲ့ ခေတ်မီ Mobile X - Ray ယာဉ်(၁)စီး၊ စုစုပေါင်း(၂)စီး ဝယ်ယူထားရှိပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သာစည်မြို့နယ်တို့မှာ ဖြန့်ခွဲထားရှိကာ မူးယစ်ဆေးဝါးသယ်ဆောင်ထိန်းချုပ်ရေးများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ထားရှိပြီးဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ခေတ်မီ Mini X - Ray Scanner စက်(၁)လုံး ထပ်မံဝယ်ယူထားရှိပြီးဖြစ်ပါတယ်။ ပစ္စည်းလက်ခံရရှိပါက မူးယစ်တပ်ဖွဲ့စုများကို ခွဲဝေချထားပေးမှာပါ။ ထို့အပြင် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဆက်စပ်နယ်မြေများမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ရှာဖွေစစ်ဆေးခြင်း၊ ကြိုတင်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထောက်လှမ်းရေးသတင်းများ ပူးပေါင်းတည်ဆောက်နိုင်ရန် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ်၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ဘေးကင်းလုံခြုံတဲ့ မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးရုံး SMCC ဆောက်လုပ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ(၄၉၉၄၀၀)ကို တရုတ်နိုင်ငံမှ ထောက်ပံ့ပေးခဲ့တဲ့အတွက် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာ ရုံးဆောက်လုပ်ပြီးတော့ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများနှင့်ပူးပေါင်းကာ သတင်းဖလှယ်ခြင်း၊ ရှာဖွေစစ်ဆေးခြင်းများ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ(၃)ခွဲ၊ တပ်ဖွဲ့စု(၅၀)စု တို့ဖွဲ့စည်းပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားပြည့်မီလာတဲ့ အခြေအနေပေါ်မူတည်ပြီးတော့မှ တပ်ဖွဲ့ခွဲ(၁၀)ခွဲ၊ တပ်ဖွဲ့စု(၆၅)စုဖြင့် တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့(AFP)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(NNCC) တို့မှ ထောက်ပံ့ပေးတဲ့ ခေတ်မီအထောက်အကူပြုပစ္စည်းများကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများမှာ အသုံးပြုဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့်လည်း ခေတ်မီအထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဌာနဆိုင်ရာများတွင်ရှိသော ယာဉ်အို၊ ယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ အသုံးပြုနိုင်ရန် သင့်လျော်သော ယာဉ်၊ မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က ဌာနဆိုင်ရာများတွင်ရှိသော ယာဉ်အို၊ ယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရန် သင့်လျော်သော ယာဉ်၊ မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပဏာမအနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဌာနဆိုင်ရာများမှာရှိတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းတွေကို မည်သို့ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရန် သင့်လျော်သောယာဉ်၊ မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကတော့ ကျွန်တော့် ဒေသမှာပါ မကဘဲနဲ့ တစ်နိုင်ငံလုံးအတွက် ရည်ရွယ်ပြီးတော့ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၆ - ၁၀ - ၂၀၁၈ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့် မှ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မကွေးမြို့ကို ရောက်ရှိစဉ်တုန်းက ယာဉ်အို၊ ယာဉ်ဟောင်းများ အဟောသိကံဖြစ်နေရတာကို ပြောကြားခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲအပြီး ကျွန်တော်တို့ မြို့နယ်ရောက်တဲ့အခါမှာ မြိုင်မြို့နယ် အုပ်ချုပ်ရေးမှူးထံ မြို့နယ် ဌာနဆိုင်ရာတွေမှာရှိတဲ့ ယာဉ်အို၊ ယာဉ်ဟောင်း စာရင်းကို တောင်းပြီးတော့ကြည့်တဲ့အခါမှာ ဌာနဆိုင်ရာ (၃၃)ခုမှာ ဌာနပိုင် ယာဉ်အို၊ ယာဉ်ဟောင်းရှိတဲ့ဌာနက (၆)ခုရှိပြီး မော်တော်ယာဉ်(၄)စီး၊ ထွန်စက်(၂)စီး၊ မော်တော်ဆိုင်ကယ်(၇)စီးရှိကြောင်း သိရပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားတဲ့ ယာဉ်များ ဟာဆိုလို့ရှိရင် အမှုပြီးပြတ်တဲ့ယာဉ်က (၄)စီး၊ အမှုမပြီးပြတ်သေးတဲ့ယာဉ်က (၂)စီးရှိပါတယ်။ မော်တော်ဆိုင်ကယ်(၂၉)စီးလည်းပဲ ရှိပါတယ်။

ကျွန်တော်တို့မြို့ဟာ မြို့ငယ်လေးတစ်မြို့သာဖြစ်ပါတယ်။ ဒီစာရင်းကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မြို့ကြီးများမှာဆိုလို့ရှိရင် အမြောက်အမြားရှိမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ မြို့နယ် ဌာနဆိုင်ရာများရှိ ယာဉ်အို၊ ယာဉ်ဟောင်းများကိစ္စကို လေ့လာကြည့်တဲ့အခါမှာ သူတို့မှာ ပြင်ဆင်စရိတ် မရရှိဘူး။ မပြင်နိုင်ဘူး။ ပြင်ဆင်ရန်လည်း မသင့်လျော်တော့ဘူးလို့ သိရပါတယ်။ ကျွန်တော်တို့ ဌာနဆိုင်ရာများကို ကျွန်တော် မူလပေးအပ်စဉ်ကတည်းက သင့်လျော်ကောင်းမွန်တဲ့ ပစ္စည်းမျိုးကိုပဲ ချပေးသင့်ကြောင်းလည်းပဲ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဌာနဆိုင်ရာများမှာရှိတဲ့ ယာဉ်အို၊ ယာဉ်ဟောင်း

များကို မပြင်နိုင်ဘဲနဲ့ ထိုးထားရတာ၊ ဖမ်းဆီးထားတဲ့ယာဉ်တွေ လေမလုံ၊ မိုးမလုံ ကာလရှည်စွာ ထိန်းသိမ်းထားရခြင်းများကို တွေ့မြင်နေရပါတယ်။ နိုင်ငံတော်အတွက် အလွန်နစ်နာလို့ သွက်လက်မြန်ဆန်တဲ့ မူဝါဒတွေ ချမှတ်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများဟာ အစိုးရရဲ့မူဝါဒများကို မြေပြင်မှာ လက်တွေ့ကွင်းဆင်း ဆောင်ရွက်နေကြရသူများ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ သွားရေးလာရေး အဆင်ပြေစေဖို့အတွက် သင့်လျော်တဲ့ မော်တော်ယာဉ်၊ ဆိုင်ကယ်ကဲ့သို့ယာဉ်များ ထောက်ပံ့ပေးရင် ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးရာမှာဆိုလို့ရှိရင် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ဌာနဆိုင်ရာများမှာရှိတဲ့ ယာဉ်အိုယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ အသုံးပြုနိုင်ရန် သင့်လျော်တဲ့ မော်တော်ယာဉ်၊ ဆိုင်ကယ်များ ထောက်ပံ့ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ၏ ဌာနဆိုင်ရာများတွင်ရှိသော ယာဉ်အို၊ ယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရန် သင့်လျော်သော ယာဉ်၊ မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနဲ့ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းများရှိ ဌာနဆိုင်ရာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီး၊ ယန္တရား စာရင်းများကို စုစည်းထိန်းသိမ်းပြုစုထားရှိပြီးတော့ နိုင်ငံတော်သမ္မတရုံးသို့ လစဉ် ပြန်တမ်းများ ပေးပို့တင်ပြလျက်ရှိပါတယ်။ ဌာနအဖွဲ့အစည်းများရှိ မော်တော်ယာဉ် စာရင်းများကိုက်ညီမှန်ကန်မှုရှိစေရန်နှင့် ယာဉ်များရဲ့ ပကတိအခြေအနေမှန်များကို သိရှိနိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့များ စုဖွဲ့ပြီးတော့ ကွင်းဆင်းစစ်ဆေးပြီး ပြုပြင်သုံးစွဲနိုင်သည့်အဆင့်နှင့် ပြုပြင်သုံးစွဲရန်မသင့်သည့်အဆင့်များ ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးချက်အရ တွေ့ရှိရတဲ့ ပြုပြင်သုံးစွဲရန်မသင့် အဆင့်သတ်မှတ်တဲ့ ယာဉ်အို၊ ယာဉ်ဟောင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီး၊ ယန္တရားများကို သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက လုပ်ထုံးလုပ်နည်း

နှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများရဲ့ တင်ပြမှုအပေါ်မှာမူတည်ပြီး အဆိုပါ သံရည်ကျိုယာဉ်များအတွက် အစားထိုး ပြန်လည်ဖြည့်ဆည်းပေး ခြင်းနှင့် ယာဉ်လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းများကို နိုင်ငံတော်ပိုင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီး၊ ယန္တရားများအနက် ပြုပြင်သုံးစွဲ နိုင်သည့်အဆင့်ရှိ ယာဉ်များဖြင့် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်ရယူပြီးတော့ ခွဲဝေထုတ်ပေးခြင်း၊ အချို့ကို နိုင်ငံတော်ဘတ်ဂျက်မှ စိစစ်၍ ဝယ်ယူခွင့်ပြုခြင်းတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဂင်းအပြင် ပြည်ထောင်စုဝန်ကြီးဌာနနဲ့အဖွဲ့အစည်းများရှိ ဌာနပိုင် ယာဉ်အို၊ ယာဉ်ဟောင်း များကို ထုတ်လုပ်သည့် ခုနှစ်ပေါ်မှာ မူတည်ပြီးတော့ သံရည်ကျိုဖျက်ဆီးနိုင်ရေးနဲ့ နိုင်ငံတော်ပိုင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ ပြုပြင်သုံးစွဲနိုင်သည့်အဆင့်ရှိ မော်တော်ယာဉ်များ လွှဲပြောင်း လက်ခံရရှိမှုပေါ်မှာ မူတည်ပြီးတော့ အစားထိုးခွဲဝေ ထုတ်ပေးနိုင်ရေးများကိုလည်း ဆောင်ရွက်လျက်ရှိ ပါတယ်။ ယခုအခါမှာ ၁၉၉၀ ပြည့်နှစ်နှင့် ဂင်းမတိုင်မီ ထုတ်လုပ်ခဲ့တဲ့ model နိမ့် မော်တော်ယာဉ် များကို သံရည်ကျိုအဆင့် သတ်မှတ်ထားပါတယ်။ ဂင်းသတ်မှတ် သံရည်ကျိုယာဉ်များကိုလည်း ဘဏ္ဍာသိမ်းယာဉ်များအဖြစ် ပြန်လည်အစားထိုး ထုတ်ပေးလျက်ရှိပါတယ်။ ဘဏ္ဍာသိမ်းယာဉ်များ ရရှိမှုအခြေအနေပေါ် မူတည်ပြီးတော့ သံရည်ကျိုဖျက်ဆီးဖို့ သတ်မှတ်ရမယ့်မော်တော်ယာဉ် ထုတ်လုပ်တဲ့ခုနှစ်ကိုလည်း ပြောင်းလဲသတ်မှတ်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မြို့နယ်အဆင့် ဌာနဆိုင်ရာများ အသုံးပြုရန် သင့်လျော်တဲ့ မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်များ ထောက်ပံ့ပေးရန်နှင့် ပတ်သက်ပြီးတော့ ရာထူးအဆင့်အရ ခွဲဝေပေးတဲ့ ယာဉ်များကို မြို့နယ်အဆင့်ထိ ခွဲဝေပေးနိုင်ခြင်း မရှိသေးသော်လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများက လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းသုံးအဖြစ် တောင်းခံတင်ပြလာပါက စိစစ်ပြီးတော့ လုပ်ငန်းသဘော သဘာဝအပေါ်မှာ မူတည်ပြီးတော့ လုပ်ငန်းသုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ခွဲဝေ ထုတ်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ထုတ်လုပ်သည့်ခုနှစ်၊ ကြာမြင့်သည့် ဌာနပိုင် ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်သုံးစွဲရန်မသင့်အဆင့်သို့ သတ်မှတ်သည့် ယာဉ်များကို သံရည်ကျိုဖျက်ဆီးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဘဏ္ဍာသိမ်းယာဉ်များ လက်ခံရရှိမှုအပေါ်မူတည်ပြီး ဌာန၊ အဖွဲ့အစည်းများ၏ ယာဉ်လိုအပ်ချက် များကို စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လုပ်ငန်း လိုအပ်ချက်အရ မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် လုပ်ငန်းသုံး မော်တော်ယာဉ်နဲ့ မော်တော် ဆိုင်ကယ်များ တင်ပြတောင်းခံလာပါက စိစစ်ပြီးတော့ ခွဲဝေပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်တာ တစ်နာရီ ရှိသွားပြီဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ ကျွန်တော်တို့ လွှတ်တော်ရဲ့ ပထမ တစ်နာရီဟာ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

အစီအစဉ် ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အခု မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်တစ်ခု ဆောင်ရွက်ဖို့ ကျန်ရှိနေပါတယ်။ ဒါကြောင့် တစ်နာရီကျော် ဆောင်ရွက်ရမှာဖြစ်လို့ ဆက်လက်ဆောင်ရွက်ဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ကျွန်တော်တို့ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်တစ်ခုကို ဆက်လက်ဆောင်ရွက်ပါမယ်။

**မြန်မာပြည် တစ်ပြည်လုံး ဝန်ကြီးဌာနများရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ရာထူးတိုးများကို ဗဟို ချုပ်ကိုင်မှုစနစ် (Centralization) လျှော့ချ၍ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က မြန်မာပြည်တစ်ပြည်လုံး ဝန်ကြီးဌာနများရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ရာထူးတိုးများကို ဗဟို ချုပ်ကိုင်မှုစနစ် (Centralization) လျှော့ချ၍ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ မင်းတပ်မြို့ နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိ ဝန်ထမ်းများအားလုံးဟာ အများအားဖြင့် အပြောင်းအရွှေ့ ရာထူးတိုးများ ပြည်သူ့ရဲဌာနနှင့် တရားစီရင်ရေးများတွင် လာဘ်ပေးလာဘ်ယူမှုများ ရှိနေသေးကြောင်း သိရှိရပါတယ်။ ဝန်ထမ်းများ၏ ရာထူးတိုး အပြောင်းအရွှေ့တွင် ပွင့်လင်းမြင်သာမှုရှိအောင် ပြုလုပ်ဖို့ လိုအပ်ပါတယ်။ အခြေခံပညာဦးစီးဌာနမှာ ရာထူးတိုး အပြောင်းအရွှေ့များကိုမူ ဝန်ထမ်းများ၏လုပ်သက် တန်းစီဇယားများကို အတိအကျပြုလုပ်ပြီး အများမြင်သာသည့် ကြေညာသင်ပုန်းများတွင် ပွင့်လင်း မြင်သာမှုရှိအောင်ကပ်ပြီးမှ အပြောင်းအရွှေ့ ရာထူးတိုးများပြုလုပ်ရန် အထက်ရုံးမှာ ညွှန်ကြားထားတာ တွေ့ရပါတယ်။ ကျန်ရှိသည့် ဝန်ကြီးဌာန ဝန်ထမ်းများတွင် ထိုသို့ ညွှန်ကြားချက်ရှိကြောင်း မသိရှိရပါ။ အထက်ရုံးမှာရှိတဲ့ လုပ်ပိုင်ခွင့်ရှိသည့် ညွှန်ကြားရေးမှူးချုပ်မှ အောက်တန်းဝန်ထမ်းမှ အထက်အရာရှိ အထိ သိမ်းကျုံးပြီးကိုင်တွယ်တာကို တွေ့ရှိရပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများကို အလှည့်ကျ ရခိုင် ပြည်နယ် မောင်တောသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၎င်းမှတစ်ဆင့် အချို့ဝန်ထမ်းများကို မိမိ နေရာအသီးသီးသို့ ပြန်လည်ပြောင်းရွှေ့ပေးသည်ကို တွေ့ရှိရပါတယ်။ အချို့ အနည်းငယ်ဝန်ထမ်း များကိုမူ မောင်တောမှ မူဆယ်၊ မူဆယ်ကနေ ခန္တီးသို့ အပြစ်တစ်စုံတစ်ရာမရှိဘဲ ပေးပို့ပြောင်းရွှေ့သည်

ကိုလည်းတွေ့ရှိရပါတယ်။ အချို့ဝန်ကြီးဌာနများတွင် ဘယ်ရာထူး၊ ဘယ်နေရာအတွက် ပိုက်ဆံဘယ်လောက် ပေးကာရသည်ဟုလည်း ဝန်ထမ်းများထံမှအသံ ကြားသိရပါတယ်။ အခုလို မြန်မာနိုင်ငံမှာရှိတဲ့ ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ ရှိတာဟာဆိုရင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အသီးသီးမှာရှိကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရဲ့ ကြီးကြပ်မှုအားနည်းချက်များ ပြောရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လာဘ်ပေးလာဘ်ယူကင်းရှင်းအောင် ပွင့်လင်းမြင်သာမှုရှိပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဒီမိုကရေစီလမ်းကြောင်းနှင့်အညီ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဝန်ထမ်းများ၏ အခြေအနေအမှန်ကိုသိရှိပြီး ခရိုင်မြို့နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်း၍ အောက်ခြေဝန်ထမ်း၊ စာရေးအဆင့် - ၁၊ စာရေးအဆင့် - ၂၊ ပြည်တွင်းဌာနမှ အမှုထမ်းတင်ပြမှုများ၏ အပြောင်းအရွှေ့များကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်အဆင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ညှိနှိုင်းပြီး ဒုတိယဦးစီးမှူးအဆင့် ယင်းဌာနမှ အထက်တန်းပြအဆင့် အပြောင်းအရွှေ့ ရာထူးများကိုလည်းကောင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂။**

**ဦးစောဗယ်လင်တိုင်း (အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ၏ မြန်မာပြည်တစ်ပြည်လုံး ဝန်ကြီးဌာနများရှိဝန်ထမ်းများ၏အပြောင်းအရွှေ့ရာထူးတိုးများကို ဗဟိုချုပ်ကိုင်မှုစနစ်(Centralization) လျှော့ချ၍ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို ဝန်ကြီးဌာနအားလုံး ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နေပြည်တော်ရုံးချုပ်နဲ့ ရန်ကုန်မြို့တွင် ရုံးခွဲတစ်ရုံးသာ ဖွင့်လှစ်ထားပြီး ဝန်ကြီးဌာန၏ လက်အောက်ခံရုံးများအဖြစ် ပြည်ပတွင် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်

အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ စုစုပေါင်း (၄၄)ရုံး ဖွင့်လှစ်ထားရှိပါကြောင်း ဝန်ကြီးဌာန၏ လုပ်ငန်းသဘောသဘာဝအရ ရုံးချုပ်အပါအဝင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ရာထူး အဆင့်ဆင့်သော ဝန်ထမ်းများ၏ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လည်း သက်ပြည့်အငြိမ်းစားယူရန် နီးစပ်တဲ့ အသက်(၅၇)နှင့်အထက် ရှိသူများနှင့် နာမကျန်းပင်စင်ယူခါနီးသူများကို အခြေချနေထိုင်လိုသည့် ဒေသများသို့ ပြောင်းရွှေ့ပေးခြင်းဖြင့်လည်းကောင်း၊ အနေကြာကာလ (၂)နှစ်နဲ့အထက် သတ်မှတ်၍ အလှည့်ကျပြောင်းရွှေ့ခြင်းမူကို အခြေခံ၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ဒေသများနှင့် နယ်စပ်ဒေသများသို့ ဝန်ထမ်း၏ တာဝန်ထမ်းဆောင်နိုင်မှုနဲ့ ဝန်ထမ်းလိုအပ်ချက်တို့ကို အခြေခံ၍ ဒေသခံများကိုသာ ဦးစားပေး တာဝန်ချထားခြင်းတို့ကို ဝန်ထမ်းရေးရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ရာထူးတိုးများနှင့် စပ်လျဉ်း၍ အဆင့်မြင့်ပညာဦးစီးဌာနနဲ့ အခြေခံပညာဦးစီးဌာနတို့တွင် ရာထူးအဆင့်အလိုက် ဆောင်ရွက်နိုင်ရန် အခွင့်အာဏာ ခွဲဝေအပ်နှင်းထားပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်တူ ရာထူးများ၏ ရာထူးတိုးမြှင့် အပြောင်းအရွှေ့များကို ဝန်ကြီးရုံးသို့ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအဆင့် ရုံးအုပ်အဆင့်ရာထူးများကို အဆင့်မြင့်ပညာဦးစီးဌာနမှလည်းကောင်း၊ ဦးစီးအရာရှိအဆင့်တူ ရာထူးအဆင့်များကို ပညာရေးဝန်ကြီးဌာနသို့တင်ပြ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ရုံးအုပ်အဆင့်၏အောက် ရာထူးများကို သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာဦးစီးဌာနတွင် ပြန်တမ်းဝင်အရာရှိနှင့်အထက် ရာထူးများအား အခြေခံပညာဦးစီးဌာနရုံးချုပ်ကလည်းကောင်း၊ အထက်တန်းပြလက်ထောက် မြို့နယ်ပညာရေးမှူး၊ ဒုတိယဦးစီးမှူး ရာထူးများအား တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများမှ တန်းစီလျာထားခြင်း၊ အလယ်တန်းပြနှင့် မူလတန်းကျောင်းအုပ်ရာထူးများကို ခရိုင်ပညာရေးမှူးများမှ တန်းစီလျာထားခြင်း၊ မူလတန်းပြနှင့် အောက်ခြေရာထူးများအား မြို့နယ်ပညာရေးမှူးရုံးမှ တန်းစီလျာထားခြင်းတို့ကို ပြုလုပ်ပြီးနောက် ရုံးချုပ်သို့ တင်ပြစေပြီး သက်ဆိုင်ရာ ပညာရေးမှူးရုံးများမှ အမိန့်စာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာဦးစီးဌာန ရုံးချုပ်သို့ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ တင်ပြရခြင်းမှာလည်း အမိန့်စာ ထုတ်ပြန်သည့်ရက်စွဲများ တစ်ပြေးညီဖြစ်စေရန်နှင့် လုပ်ထုံးလုပ်နည်း မှန်ကန်စေရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ရာထူးတိုးများအား ဗဟိုချုပ်ကိုင်မှုစနစ် (Centralization) အား ဖြေလျှော့ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း ရုံးအကူမှ ဒုတိယဦးစီးမှူးအဆင့် အထိ ဝန်ထမ်းများအား သက်ဆိုင်ရာ ဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌လည်းကောင်း၊

ဦးစီးအရာရှိအဆင့်နှင့်အထက် အရာရှိအဆင့်များအား သက်ဆိုင်ရာဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးမှတစ်ဆင့် ဝန်ကြီးဌာနစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးသို့လည်းကောင်း တင်ပြ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်လွင် သားဖွားဆရာမသင်တန်းဆင်း အမျိုးသမီး ကျန်းမာရေး ဆရာမများအား ရာထူးနေရာချထားရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းအတည်ပြု၍လည်းကောင်း၊ တိုင်း ဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေတဲ့ အခြေခံကျန်းမာရေးဝန်ထမ်း များအနက် ဘက်စုံကျန်းမာရေးဝန်ထမ်း၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် - ၂၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ် - ၁ နဲ့ လက်ထောက်ကျန်းမာရေးမှူးများ၏ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ပြောင်းရွှေ့မှုကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ တိုင်း ဒေသကြီး၊ ပြည်နယ်ခြား ပြောင်းရွှေ့မှုကို သက်ဆိုင်ရာဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ကျန်းမာရေးအဆင့် - ၁ များ၏ ပြောင်းရွှေ့မှုကို သက်ဆိုင်ရာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူးများ၏ ပြောင်းရွှေ့ မှုကို ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘက်စုံဝန်ထမ်းမှ ပြည်သူ့ကျန်းမာရေးကြီးကြပ် -၂ သို့ ရာထူးတိုးမြှင့်ခြင်းကိစ္စကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးများမှ ဆောင်ရွက်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် - ၁ နှင့် လက်ထောက်ကျန်းမာရေးမှူးများ ရာထူးတိုးခြင်းကိစ္စကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးမှူးအဆင့် - ၁ နှင့် မြို့နယ်ကျန်းမာရေးမှူးများ၏ ရာထူးတိုးခြင်းကိစ္စကို ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း ဆောင်ရွက်ပါကြောင်း၊ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ သင်ကြားရေးဆရာမများကို ရာထူးတိုးမြှင့်ရေးနှင့်ပတ်သက်၍ ဘာသာရပ်အလိုက် ဆေးပညာမဟာဘွဲ့ ရရှိထားတဲ့ခုနှစ်အရ လစ်လပ်နေရာပေါ်မူတည်၍ ဝန်ကြီးဌာန၊ ရာထူးတိုးမြှင့်စိစစ်ရေးကော်မတီတွင် တင်ပြ၍ ရာထူးတိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ ဦးစီးအရာရှိအဆင့်တူ ရာထူးများအတွက်မူ သက်ဆိုင်ရာ ဦးစီးဌာနရုံးချုပ်မှ ရေးဖြေ၊ လူတွေ့၊ နှုတ်ဖြေစာမေးပွဲများ စစ်ဆေးရွေးချယ်ပြီး ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်၍ ရာထူးတိုးမြှင့်ရေးကိစ္စကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြောင်းရွှေ့ခြင်းဆိုင်ရာမူဝါဒ (၉)ချက် ချမှတ်၍လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြောင်းရွှေ့ရေး ဆိုင်ရာမူဝါဒ (၁၁)ချက် ချမှတ်၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းရွှေ့ခြင်းကို အဆင့်(၃)ဆင့်ခွဲ၍ အဆင့်(၁)ရုံး၊ အဆင့်(၂)ရုံး၊ အဆင့်(၃)ရုံးဟူ၍ မူဝါဒချမှတ်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကြိုတင်ညှိနှိုင်း၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမှုထမ်း များ၏ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ပြောင်းရွှေ့မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်

များ၏အစီအစဉ်ဖြင့် ဆောင်ရွက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်ကျော် ပြောင်းရွှေ့မှုများကိုသာ ညွှန်ကြားရေးမှူးချုပ်ရုံး စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရာထမ်း ပြောင်းရွှေ့နေရာချထားမှုကို ညွှန်ကြားရေးမှူးချုပ်ရုံး စီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြ အတည်ပြုချက်ရယူဆောင်ရွက်ပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ထို့အတူပဲ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန နေပြည်တော်၌သာ တည်ရှိတဲ့အတွက်၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရုံးဖွင့်လှစ်ထားခြင်း မရှိတဲ့အတွက် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများလည်း မရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း သီးခြားဖြေကြားရန် မရှိပါကြောင်း ဖြေကြားချက်ပေးပို့လာပါတယ်။ ဆက်လက်ပြီးတော့ ဝန်ကြီးဌာနအသီးသီးပေါ့နော်။ ကျွန်တော်တို့ ဒီ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်နှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အပြောင်းအရွှေ့ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရာထူးလစ်လပ်မှုအပေါ် မူတည်၍လည်းကောင်း၊ အလှည့်ကျစနစ်ဖြင့်လည်းကောင်း၊ ဒေသခံဝန်ထမ်းများ မိသားစုအခက်အခဲရှိတဲ့ ဝန်ထမ်းများအား ဦးစားပေး ပြောင်းရွှေ့တာဝန်ပေးခြင်းဖြင့်လည်းကောင်း၊ အနေကြာဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ပေးခြင်းနှင့် ဖွဲ့စည်းပုံလစ်လပ်မှုအခြေအနေအပေါ် မူတည်၍ ရာထူးတိုးဝန်ထမ်းများအား ပြောင်းရွှေ့နေရာချထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာအကြီးအကဲများအား ပြောင်းရွှေ့တာဝန်ချထားခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက် ပေးပို့လာပါတယ်။

ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရာထူးအဆင့်အလိုက် သတ်မှတ်ထားတဲ့ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံတဲ့ နိုင်ငံ့ဝန်ထမ်းများအား ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ လက်တွေ့လုပ်ငန်း အရည်အချင်းစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲနှင့် လက်တွေ့လုပ်ငန်း နှစ်ရပ်လုံးစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေး၍ အရည်အချင်းအကဲဖြတ် အမှတ်ပေးခြင်းနည်းလမ်းတို့ကို အရည်အချင်းစစ်ဆေးရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အချင်း အကဲဖြတ်ရာတွင်လည်း ဝန်ထမ်းအား အနီးကပ် တာဝန်ယူကြီးကြပ်ကွပ်ကဲတဲ့ အရာထမ်းက ကနဦးမှတ်တမ်းရေး၍ အထက်အဆင့်အလိုက် တာဝန်ယူ ကြီးကြပ်သည့် အရာထမ်းက ထပ်ဆင့်မှတ်ချက်ရေးပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ တာဝန်လွှဲအပ်ခြင်းခံရသူက အပြီးသတ် ထပ်ဆင့်လက်မှတ်ရေးထိုးရန်လည်းကောင်း၊ အဆင့်ဆင့် လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေအပ်နှင်းထားသည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်ဟု ဖြေကြားချက်များ ပေးပို့လာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး ပေါင်းစပ်ညှိနှိုင်း ဖြေကြားထားတာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ ၂၀၁၆ ခုနှစ်၊ အမျိုးသား မြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး က ၂၀၁၆ ခုနှစ်၊ အမျိုးသား မြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာပြည့်ဖြိုး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းရခြင်း အကြောင်းအရင်းနဲ့ ရည်ရွယ်ချက်များကို အမျိုးသားလွှတ်တော်ကြီးသို့ ဦးစွာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့လည်း တစ်ပါတည်း တင်ပြအပ်ပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိထားခဲ့ပေမယ့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေ များစွာ ကျန်ရှိနေပါသေးတယ်။ မြေအသုံးချမှုနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ထားတဲ့ လက်ရှိအခြေအနေမှာတော့ အမျိုးသားမြေအသုံးချမှုကောင်စီ၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်ကောင်စီ) မြေအသုံးချမှုကော်မတီ

များနှင့် နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်မှုတွေ၊ ဆောင်ရွက်ဆဲတွေ ရှိပါတယ်။ ဒါ့အပြင် မြေအသုံးချမှုနဲ့ ဆက်စပ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ National Urban Policy For Myanmar အမျိုးသားမြို့ပြမူဝါဒ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ မြေအသုံးချမှုစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လုပ်ဆောင်နေတာတွေရှိပေမယ့် မြေအသုံးချမယ့် ရည်မှန်းချက်တွေ၊ ရှင်းလင်းပြတ်သားတဲ့ Strategy and planning မဟာဗျူဟာနဲ့ စီမံကိန်းလုပ်ငန်းစဉ်တွေ၊ Action Plan တွေ ရှိမထားသေးပါဘူး။ မြေအသုံးချမှုစီမံကိန်း ဆိုတာဟာ မြေအသုံးပြုရာမှာဖြစ်ပေါ်လာတဲ့ ဆိုးကျိုးရလဒ်တွေကို လျော့နည်းစေဖို့နဲ့ အနာဂတ်မျိုးဆက်တွေအတွက် အကျိုးရှိထိရောက်မယ့် အရင်းအမြစ်တွေ၊ အသုံးချမှုတွေကို ဆက်လက်ရှိထားစေဖို့အတွက် လွန်စွာပဲ အရေးကြီးပါတယ်။ ဒါဟာ မြေအသုံးချမှုနဲ့ ပတ်သက်ပြီး လက်ရှိပစ္စုပ္ပန်ကာလမှာ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာလည်း မူတည်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအလိုက် မြေအသုံးချမှုပုံစံတွေဟာ အသက်မွေးဝမ်းကျောင်း၊ လူနေမှု၊ ရာသီဥတု၊ ပထဝီအနေအထား၊ မြေအမျိုးအစား၊ ဓလေ့ထုံးတမ်းစဉ်လာ၊ စီးပွားရေးအားသာချက် စတဲ့ကွဲပြားချက်တွေ ရှိနေတဲ့အတွက်ကြောင့် လက်ရှိတည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့သာ ဆောင်ရွက်ဖို့ရာ မအောင်မြင်နိုင်ပါဘူး။ မြေယာစီမံခန့်ခွဲရေးနဲ့ မြေအသုံးချရေးတို့မှာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရတို့အကြား ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ စီမံကိန်းတွေကို ကဏ္ဍအလိုက် ပိုင်းခြားဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး Sustainable Goals က ရှိလာမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ မြေသယံဇာတတွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ လိုသလိုပဲ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း လိုအပ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့ ဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့လိုအပ်တဲ့ ဒေသအလိုက် စီမံကိန်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့မူဝါဒ မဟာဗျူဟာနဲ့ မဆန့်ကျင်ဘဲ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါတယ်။

ဒါကြောင့် အနာဂတ်ကာလမှာ အမျိုးသားမြေဥပဒေကို Mother Law အဖြစ် ထားရှိဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း လွှမ်းခြုံတည်ရှိလာစေမယ့် ဒီဥပဒေ ရေးဆွဲမယ်ဆိုရင် မူဝါဒဟာ အရေးကြီးသလိုပဲ။ ဥပဒေ မရေးဆွဲမီမှာ မျှော်မှန်းချက်တွေ၊ ကာလလတ်၊ ကာလရှည်၊ နှစ်အလိုက် စီမံကိန်းတွေ ရှိထားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားမြေဥပဒေနဲ့ပတ်သက်ပြီး အလေးအနက်ထားတင်ပြလိုတာက ဒီဥပဒေကို ရေးဆွဲပြဋ္ဌာန်းဖို့အတွက် လုပ်ငန်းဆောင်တာတွေရဲ့ အချိန်ကာလယူရမှာတွေရယ်အတွက်ကြောင့် လတ်တလောမှာ ဆောင်ရွက်ဖို့ရာ မဖြစ်နိုင်သေးပါဘူး။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် လွှတ်တော်နှစ်ရပ်စလုံးမှာ ဆောင်ရွက်ဆဲဖြစ်တဲ့ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတွေရဲ့ အပိုဒ်တွေထဲမှာ ဥပဒေအားကောင်းအောင်ထိန်းကျောင်းပေးနိုင်မယ့် အချက်တွေရှိပေမယ့် သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တွေ မရှိသေးသလို ကြိုတင်ပြင်ဆင်ထားမှုတွေလည်း ရှိမနေတဲ့အတွက်ကြောင့် ဥပဒေအဖြစ်ထွက်ပေါ်ပြီးတဲ့နောက်မှာ ဆောင်ရွက်နိုင်သေး

မှာမဟုတ်ပါဘူး။ ဒါ့အတူပဲ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ဆောင်ရွက်နေတဲ့ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒီအမျိုးသားမြေဥပဒေ ရေးဆွဲရာမှာလည်းပဲ လိုအပ်တဲ့ဆောင်ရွက်ရမယ့် ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေ၊ စွမ်းရည်အရင်းအမြစ်တွေကို ဖော်ဆောင်ထားပြီးမှ ဥပဒေကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Power Point ပြပေးပါ။

မြေယာစီမံခန့်ခွဲမှုဟာ တိုင်းပြည်အတွက် အရေးကြီးသလို အလွန်ရှုပ်ထွေးမှုတွေလည်းရှိပါတယ်။ မြေယာစီမံခန့်ခွဲမှုနဲ့ သက်ဆိုင်တဲ့ ဥပဒေများစွာရှိပါတယ်။ Power Point မှာဖော်ပြထားပါတယ်။ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အပါအဝင် မြေယာဥပဒေတွေမှာ မြေယာအသုံးပြုခြင်းအတွက် အဖွဲ့အစည်းကော်မတီအဆင့်ဆင့်တို့က ဆောင်ရွက်သွားတာဟာ အဓိကဖြစ်နေပြီးတော့ ဘယ်လိုလုပ်ငန်းစီမံကိန်း ဘယ်နေရာ ဘယ်လောက်ပမာဏ ခွင့်ပြုခြင်းတွေမှာ ယေဘုယျဆန်နေတဲ့အတွက် ဥပမာတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် မြေယာအသုံးပြုခွင့် လျှောက်ထားကြသူတွေနဲ့ စီမံခန့်ခွဲရတဲ့ နိုင်ငံ့ဝန်ထမ်းတွေကြား မလျော်ကန်တဲ့ အကျိုးစီးပွားဆက်နွှယ်မှု Conflict of Interest ၊ လာဘ်ပေးလာဘ်ယူမှု Corruption တွေ ရှိနေ၊ ဖြစ်နေရတဲ့ အဓိကကျတဲ့ အကြောင်းအရင်းတစ်ရပ်ဖြစ်ပါတယ်။ လယ်ယာမြေအသုံးပြုခွင့်လျှောက်ထားကျတာတွေအပေါ် ဒေသနဲ့သက်ဆိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားမှတ်ချက်ပေးရတာတွေလည်းရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဘယ် Criteria၊ ဘယ်အချက်အလက်တွေနဲ့ သဘောထားပေးရမလဲဆိုတာ ရှိလာပါတယ်။ ဒါကြောင့် လူတွေ၊ အဖွဲ့အစည်းတွေရဲ့ အနေအထားကနေ စနစ်ကောင်းတစ်ခုနဲ့သွားဖို့ လိုအပ်နေပါကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် အရင်ကာလက ဆောင်ရွက်ခဲ့တဲ့ ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ အလုပ်အကိုင်ရရှိစေဖို့အတွက် အချို့သော စက်ရုံ၊ အလုပ်ရုံတွေ၊ စက်မှုဇုန်တွေ၊ နိုင်ငံပိုင်စက်ရုံတွေမှာ စဉ်းစားချက်တွေ၊ ရေရှည်မျှော်မှန်းချက်တွေ မပြည့်စုံတဲ့အတွက်ကြောင့် စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းမရှိတာ၊ အရှုံးပေါ်တာ၊ ပိတ်သိမ်း ရပ်ဆိုင်းရတာတွေဟာ ကျွန်တော်တို့ နမူနာယူရမှာ ဖြစ်ပါတယ်။ ရှေးကမေးခွန်းမှာ စက်မှုဝန်ကြီးဌာနမှ ဖြေသွားတဲ့ သထုံစက်မှုဇုန်နယ်မြေပါ နဂိုမူလက Caustic Soda စက်ရုံ ဖြစ်ပါတယ်။ သို့သော်လည်း ကြီးမားတဲ့ အကြီးစားထုတ်လုပ်မှု မဖြစ်နိုင်တာရယ်၊ ကုန်ကြမ်းရယူမှုတွေခက်ခဲနိုင်တာကြောင့် စက်ရုံဟာ တစ်ဝက်တစ်ပျက်နဲ့ စီမံကိန်းလုပ်ငန်းပြောင်းရတဲ့ အဖြစ်မျိုးတွေရှိပါတယ်။ အားနည်းချက်ရှိနေတဲ့ မြေယာအုပ်ချုပ်မှုစနစ်နဲ့ မြေအသုံးချမှုတွေကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်တာ မြေယာပေါ်မှ ထုတ်လုပ်မှုတန်ဖိုးကျဆင်းတာတွေအပြင် အနာဂတ်မှာ အကျိုးမဖြစ်ထွန်းတဲ့ စီမံကိန်းအလွဲတွေဖြစ်လာရပါတယ်။ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေဖို့ အစိုးရတွေအနေနဲ့ ဆောင်ရွက်ရာမှာလည်း အခက်အခဲတွေဖြစ်လာရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဝါဒမှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်တွေပေါ်ထွန်းလာရေး၊ သစ်တောကြိုးဝိုင်းတွေ ထိန်းသိမ်းရေးစတဲ့ အခန်းကဏ္ဍအလိုက် ထင်ဟပ်စေပြီးတော့ စီမံကိန်းနဲ့ လုပ်ငန်းစဉ်တွေမှာလည်း အထက်ပါ ဖွံ့ဖြိုးရေးတွေနဲ့ ဆက်စပ်လျက်ရှိတဲ့ ဥပမာ အနာဂတ်မည်သည့် ဆယ်စုနှစ်အတွင်းမှာ မည်သည့်အခန်းကဏ္ဍတွေကို ဦးစားပေးလိုက်ဆောင်ရွက်မယ့် စီမံကိန်းတွေ၊ မြို့ပြ၊ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Urban Development Policy and

Rural Development Policy တို့အတွက် သင့်လျော်ကောင်းမွန်တဲ့ အနာဂတ်စီမံကိန်း Ideal future Plan ကောင်းတွေ ပါဝင်ရမှာ ဖြစ်ပါတယ်။ မြို့ပြ၊ ကျေးလက်၊ ပြည်သူလူထုရဲ့ အခြေချနေထိုင်မှု Settlement အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ် ချထားမှုတွေဟာ အစိုးရကနေ ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦတွေ ဖော်ဆောင်ရာမှာ ပိုမိုထိရောက်မှု ရှိလာစေမှာ ဖြစ်ပါတယ်။ Myanmar Sustainable of Development Plan (၂၀၁၈ - ၂၀၃၀) ခုနှစ်မှာပါတဲ့ မဟာဗျူဟာ (၅)အချက်နဲ့လည်း ချိတ်ဆက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိအချိန်အထိ လိုအပ်နေသေးတဲ့ မြေယာစီမံခန့်ခွဲနိုင်ဖို့အတွက် စာရင်း မြေပုံတွေ ပြည့်စုံမှန်ကန်ရေးတို့အတွက် ဆောင်ရွက်ရမယ့် အခက်အခဲတွေဟာ ရည်မှန်းချက်အလိုက် ချမှတ်တဲ့ လုပ်ငန်းစဉ်တွေရှိမှသာ အမှန်တကယ်လိုက်ပါပြီး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က စတင်ဆောင်ရွက်နေတဲ့ မြေသိမ်းဥပဒေကြမ်း ပြန်လည်ပြင်ဆင်ချက်ဖြစ်တဲ့ မြေသိမ်းဆည်းခြင်း ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင်လည်း မြေအသုံးချမှု ရည်မှန်းချက်နဲ့ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေရဲ့ ပီပြင်ပြတ်သားမှုနဲ့အတူ ပြည်သူတို့ ပွင့်လင်းမြင်သာ ချပြဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဒေသအသီးသီးရဲ့ အားသာချက်တွေ၊ အခွင့်အလမ်းရှိမှုတွေအပေါ်မှာ ခိုင်မာတိကျ အားကောင်းတဲ့ မူဝါဒ၊ မဟာဗျူဟာ၊ စီမံကိန်းလုပ်ငန်းစဉ်များနဲ့ မြေယာစီမံခန့်ခွဲနိုင်ရန် လိုအပ်နေပြီ ဖြစ်ပါတယ်။ တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းပြုသင့်တဲ့ နေရာတွေမှာ ဒေသရဲ့ ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကြီးမားတဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ ကန့်သတ်ခြင်းတွေ ဥပမာအားဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍမှာ အားသာချက်ရှိတဲ့ မြိတ်ကျွန်းစုလို ဒေသတွေ၊ ကလောတို့လို ထင်းရှူးမြို့တော် Pie hill လိုဖြင့် ဆက်လက်ထားရှိရမယ့် နေရာကောင်းတွေ၊ အင်းလေးဒေသတွေ စတဲ့ နေရာဒေသတွေဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ဒေသအသီးသီးမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာတွေကို ထိန်းသိမ်းကာကွယ်ရန်ဖြစ်ပါတယ်။ ဒီနေရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွေကို ချိတ်ဆက်ဆောင်ရွက်မှုဟာ Smokeless Industry အဖြစ်နဲ့ ချင်းတောင်လို၊ ရှမ်းတောင်တန်းလို၊ မြိတ်ကျွန်းစုလို ဒေသတွေရဲ့ လူမှုစီးပွားဘဝကို ပိုမိုစန်းပွင့်လာစေမှာဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ကြီးမားတဲ့ စီးပွားဖြစ်ထုတ်လုပ်မှု Mass Production တွေအတွက် သယ်ယူပို့ဆောင်ရေးအချက်အချာကျတဲ့နေရာ၊ ထုတ်ကုန်တွေယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့နေရာ၊ Logistic Zone , Cluster Industrial Zone , Commercial Zoneတွေ ပေါ်ထွန်းလာစေဖို့အတွက် ရေရှည်မျှော်မှန်းပြီး စီမံခန့်ခွဲနိုင်ရန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ထိစပ်တဲ့ နယ်နိမိတ်တွေ အရှေ့၊ အနောက်၊ တောင်၊ မြောက် Corrider တွေမှာ နိုင်ငံတော်လုံခြုံရေး၊ စီးပွားရေးအားကောင်းလာရေးနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးလာရေးတို့အတွက် ရေရှည်မျှော်မှန်းပြီး အရေးပါတဲ့စကြံ Corrider လမ်းကြောင်းတွေကို စီမံကိန်းထဲမှာ ထည့်သွင်းရေးဆွဲထားရမှာ ဖြစ်ပါတယ်။

ဒါအပြင် ခေတ်ကာလနဲ့ လိုက်လျောညီထွေစေဖို့အတွက် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်ပြီး လိုအပ်ရင် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ National Land Use Policy ရဲ့ အပိုင်း(၁၃) အထွေထွေ အပိုဒ်(၈၄)မှာ ဒီအငုတ်ကိုလည်း တွေ့ရပါတယ်။ ကျွန်တော် ရှေ့မှာ တင်ပြခဲ့သလိုပဲ မြေအသုံးချမှုနဲ့ ရည်မှန်းချက်တွေ၊ စီမံကိန်းနဲ့ Action Plan တွေ ဆောင်ရွက်ထားမှသာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေနဲ့ ဒေသရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်တဲ့ စီမံကိန်းတွေကို သီးခြားချမှတ်ဆောင်ရွက်နိုင်မှာဖြစ်သလို ကောင်းမွန်တဲ့ အမျိုးသားမြေဥပဒေကို လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အခုအဆိုဖြစ်တဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ National Land Use Policy ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ National Land Law ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို အမျိုးသားလွှတ်တော်ကြီးသို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ ယခုတင်သွင်းသွားတဲ့ အဆိုအား အချိန်ကာလအားဖြင့်လည်း တိုက်တွန်းသင့်တဲ့ အဆို ဖြစ်ပြီး အမျိုးသားမြေယာဥပဒေသည် ကြီးမားကျယ်ပြန့်တဲ့ဥပဒေဖြစ်ကာ မရေးဆွဲမီ လုပ်ငန်းဆောင်တာ၊ အချိန်ကာလယူရမှာဖြစ်တာကြောင့် မြေယာစီမံခန့်ခွဲမှု အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဆိုပြီးတော့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စိုင်းဝမ်းလှိုင်းခမ်း မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲ

ရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသား မြေအသုံးချမဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ကို ၁၁း၂၉ နာရီ အချိန်တွင် ရပ်နားပါသည်။]